မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၆ ]** ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် ( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် ) } **သောကြာနေ့ [ အတွဲ ၆၇**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၄**

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးတင်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |
| (၂) | ဒေါက်တာမျိုးသိမ်းကြီး | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဦးကိုကိုတင် | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဦးကျော်စွာစိုး | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (၅) ဦးဝင်းခိုင်မိုး | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၄

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

## ၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီတွင် အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော **၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ**တွင် အောက်ပါပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည် -

(၁) ဗိုလ်မှူးချုပ်ကျော်ဇံမြင့်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ဒေါက်တာစိုင်းကျော်အုန်း
ဒုတိယဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(၃) ဗိုလ်ချုပ်မင်းဇော်
ညွှန်ကြားရေးမှူး
ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

**မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ**
**ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့**

မြန်မာနိုင်ငံ၏ ဖွားသေမှတ်ပုံတင်ခြင်းစနစ် ပိုမိုအားကောင်းလာစေရန်နှင့် နိုင်ငံတကာအဆင့်အတန်းမီသော စနစ်ဖြစ်စေရန် ရည်ရွယ်၍ **မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများပူးပေါင်းဆောင်ရွက်ရေးအဖွဲ့**ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(၁) **ဗဟိုအဆင့်**

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| ( ခ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးစီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့ | အဖွဲ့ဝင် |
| ( ဋ ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |

(ဍ) ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန — အတွင်းရေးမှူး

(၂) ဗဟိုအဆင့်၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) တိုင်းဒေသကြီး/ပြည်နယ် မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ တင်ပြလာသည့် စာရင်းဇယားများအား သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ စာရင်းဇယားကောက်ယူပုံနည်းလမ်းများ၊ ဆက်သွယ်သတင်းပို့ပုံနည်းလမ်း၊ စာရင်းဇယားမှတ်တမ်းထိန်းသိမ်းပုံနည်းလမ်းများဆိုင်ရာမူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ဆွေးနွေးပြုစုတင်ပြရန်။

(ခ) အစိုးရအဖွဲ့က ယင်းမူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို အတည်ပြုချမှတ်ပြီးပါက သက်ဆိုင်ရာဌာနများ၊ ဒေသများအလိုက် ဆောင်ရွက်မည့် ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ် သတ်မှတ်၍ လက်တွေ့ဆောင်ရွက်နိုင်ရေး သင်တန်းများပေးသွားရေး ပေါင်းစပ်ညှိနှိုင်းစီစဉ်ပေးရန်။

(ဂ) သင်တန်းပေးပြီးပါက လက်ရှိဆောင်ရွက်နေသောစနစ်မှ စာရင်းဇယားကောက်ယူခြင်း၊ မှတ်ပုံတင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ရေးအတွက် လိုအပ်သောအမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းထုတ်ပြန်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်ရန်။

(ဃ) စာရင်းဇယားကောက်ယူပုံ နည်းလမ်းမှန်ကန်ရေးနှင့် စာရင်းဇယား ပြည့်စုံစွာရရှိမှုအားသာချက်၊ အားနည်းချက်များ ပြန်လည်လေ့လာသုံးသပ်နိုင်ရေး ၃ လ တစ်ကြိမ်ဆန်းစစ်မှု ညှိနှိုင်းအစည်းအဝေးကျင်းပပြီး တိုးတက်မှုအစီရင်ခံစာအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြသွားရန်။

(င) နောင်တွင် စာရင်းဇယားများကို တစ်နေရာတည်းစုစည်းထားရှိရေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် စီမံခြင်း၊ ဗဟိုစာရင်းအင်းအဖွဲ့မှ မြို့နယ်အဆင့်ထိ ဖွဲ့စည်းပုံတိုးချဲ့ခြင်း၊ ထိန်းသိမ်းခြင်းတို့ကို ဆက်လက်စီမံဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးရန်။

(၃) **နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အဆင့်**

(က) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန — အဖွဲ့ခေါင်းဆောင်

(ခ) ဒုတိယတိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူး တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဂ) တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေရုံး — အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူး တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(င) တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူး အခြေခံပညာဦးစီးဌာန — အဖွဲ့ဝင်

(စ) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး စီမံကိန်းရေးဆွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(ဆ) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး ဗဟိုစာရင်းအင်းအဖွဲ့ — အဖွဲ့ဝင်

(ဇ) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး လူမှုဝန်ထမ်းဦးစီးဌာန — အဖွဲ့ဝင်

(စျ) တိုင်းဒေသကြီး/ပြည်နယ်မန်နေဂျာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း — အဖွဲ့ဝင်

(ည) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး ကျန်းမာရေးဦးစီးဌာန — အတွင်းရေးမှူး

(၄) နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အဆင့်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ခရိုင်အဆင့် မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ဆောင်ရွက်မည့်အဖွဲ့မှ ပေးပို့လာသော မွေးဖွားမှုနှင့်သေဆုံးမှုစာရင်းများအား စိစစ်၍ လဆန်း (၈) ရက်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသို့ လိပ်မူ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့သို့ မိတ္တူပေးပို့တင်ပြရန်။

(၅) **ခရိုင်အဆင့်**

(က) ခရိုင်ဦးစီးမှူး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန — အဖွဲ့ခေါင်းဆောင်

(ခ) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ခရိုင်ဥပဒေအရာရှိ ခရိုင်ဥပဒေရုံး — အဖွဲ့ဝင်

(ဃ) ခရိုင်ဦးစီးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(င) ခရိုင်ပညာရေးမှူး အခြေခံပညာဦးစီးဌာန — အဖွဲ့ဝင်

(စ) ခရိုင်ဦးစီးမှူး စီမံကိန်းရေးဆွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(ဆ) ခရိုင်ဦးစီးမှူး လူမှုဝန်ထမ်းဦးစီးဌာန — အဖွဲ့ဝင်

(ဇ) ခရိုင်မန်နေဂျာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း — အဖွဲ့ဝင်

(စျ) ခရိုင်ဦးစီးမှူး ကျန်းမာရေးဦးစီးဌာန — အတွင်းရေးမှူး

(၆) ခရိုင်အဆင့်၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

မြို့နယ်အဆင့် မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ဆောင်ရွက်မည့်အဖွဲ့မှ ပေးပို့လာသော မွေးဖွားမှုနှင့်သေဆုံးမှုစာရင်းများအား စိစစ်ပြီး လဆန်း (၆) ရက်နေ့တွင် တိုင်းဒေသကြီး/ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ လိပ်မူ၍ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ကျန်းမာရေးဦးစီးဌာနများသို့ မိတ္တူပေးပို့တင်ပြရန်။

(၇) **မြို့နယ်အဆင့်**

(က) မြို့နယ်ဦးစီးမှူး — အဖွဲ့ခေါင်းဆောင်
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ခ) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) မြို့နယ်ဥပဒေအရာရှိ — အဖွဲ့ဝင်
မြို့နယ်ဥပဒေရုံး

(ဃ) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(င) မြို့နယ်ပညာရေးမှူး — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန

(စ) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(ဆ) မြို့နယ်မန်နေဂျာ — အဖွဲ့ဝင်
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(ဇ) မြို့နယ်တာဝန်ခံ — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန

(ဈ) မြို့နယ်ဦးစီးမှူး — အတွင်းရေးမှူး
ကျန်းမာရေးဦးစီးဌာန

(၈) မြို့နယ်အဆင့်၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -
ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ဆောင်ရွက်မည့်အဖွဲ့မှ ပေးပို့လာသော မွေးဖွားမှုနှင့်သေဆုံးမှုစာရင်းများအား ညှိနှိုင်းဆောင်ရွက်ပြီး လဆန်း (၄) ရက်နေ့တွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ လိပ်မူ၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ကျန်းမာရေးဦးစီးဌာန၊ ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာနများသို့ မိတ္တူပေးပို့တင်ပြရန်။

(၉) **ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်**

(က) ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး — အဖွဲ့ခေါင်းဆောင်

(ခ) ကျန်းမာရေးဝန်ထမ်း — အဖွဲ့ဝင်

(ဂ) ရပ်ကွက်/ကျေးရွာအုပ်စုစာရေး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) အများပြည်သူလူထု ကြည်ညိုလေးစားသော — အဖွဲ့ဝင်
ရပ်မိ/ရပ်ဖပုဂ္ဂိုလ် (၁) ဦး

(င) လူမှုဝန်ထမ်းစိတ်ရှိ ပညာတတ်ရပ်ရွာနေ လူငယ် (၁) ဦး — အဖွဲ့ဝင်

(၁၀) ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မွေးဖွားခြင်း သို့မဟုတ် သေဆုံးခြင်းတို့နှင့်စပ်လျဉ်း၍ အိမ်ရှင်ကဖြစ်စေ၊ ယင်းအိမ်တွင်နေထိုင်သော အရွယ်ရောက်သူတစ်ဦးဦးကဖြစ်စေ မွေးဖွားသည့် သို့မဟုတ် သေဆုံးသည့်နေ့ရက်မှ သုံးရက်အတွင်း တိုင်ကြားရန် ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း။

(ခ) မွေးဖွားကြောင်း လာရောက်တိုင်တန်းလျှင် မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းထားပြီး သက်ဆိုင်ရာကျန်းမာရေးဌာနသို့ အကြောင်းကြားခြင်း။

(ဂ) သေဆုံးကြောင်း တိုင်တန်းချက်ရရှိလျှင် မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းထားပြီး သက်ဆိုင်ရာကျန်းမာရေးဌာနသို့ အကြောင်းကြားခြင်း။

(ဃ) ကျန်းမာရေးဌာနမှ ပြုစုထားရှိသော မွေးဖွားမှုနှင့်သေဆုံးမှုစာရင်းများကို ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ ပေးပို့တင်ပြခြင်း။

(င) ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ဆောင်ရွက်မည့်အဖွဲ့မှ လကုန်ရက်အထိ ကောက်ခံရရှိသော မွေးဖွားမှုနှင့်သေဆုံးမှုစာရင်းများအား စိစစ်ပြီး လဆန်း (၁) ရက်နေ့တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ လိပ်မူ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနများသို့ မိတ္တူပေးပို့တင်ပြရန်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လွှတ်တော်ရုံး

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

### ၂၀၁၄ ခုနှစ်၊ လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

အမှတ် ၁။ ။ ပြည်ထောင်စုလွှတ်တော်သည် နဝမအကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေးများမှစ၍ ၂၀၁၄ ခုနှစ် အတွင်း ကျင်းပပြုလုပ်မည့် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **၂၀၁၄ ခုနှစ်၊ လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီ**ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | နာယက<br>ပြည်ထောင်စုလွှတ်တော် | နာယက |
| (ခ) | ဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော် | နာယက |
| (ဂ) | ဒုတိယနာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော် | ဒုတိယဥက္ကဋ္ဌ |

| | | |
|---|---|---|
| ( င ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| ( ဇ ) | ပြည်ထောင်စုဝန်ကြီး<br>ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ပြည်ထောင်စုဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အတွင်းရေးမှူး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (တ) | ဗိုလ်မှူးကြီးဌေးနိုင်<br>တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>လွှတ်တော်ရုံး | အတွင်းရေးမှူး |
| ( ဒ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့လွှတ်တော်ရုံး | တွဲဖက်အတွင်းရေးမှူး (၁) |
| ( ဓ ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားလွှတ်တော်ရုံး | တွဲဖက်အတွင်းရေးမှူး (၂) |

အမှတ် ၂။ ။ ဇဟိုကော်မတီသည် လိုအပ်သည့် လုပ်ငန်းဆိုင်ရာကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ရန် ဖြစ်ပါသည်။

အမှတ် ၃။ ။ ဗဟိုကော်မတီသည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အတွင်း ကျင်းပသောလွှတ်တော်အစည်းအဝေးများ အားလုံးပြီးစီး၍ ဗဟိုကော်မတီအသစ် ထပ်မံဖွဲ့စည်းပြီးသည့်အချိန်အထိ အကျုံးဝင်သည်။

(ပုံ) သူရရွှေမန်း
နာယက
လွှတ်တော်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားပြီးဖြစ်သော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၅ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ (မူကြမ်း)

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်     ။ )

၁၃၇၅ ခုနှစ်၊ တပေါင်းလ            ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ       ရက် )

### နိဒါန်း

နိုင်ငံတော်တွင် စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီးဖွံ့ဖြိုး တိုးတက်ရေး၊ စာရင်းအင်းကိန်းဂဏန်းများ အရည်အသွေးပြည့်ဝရေး စသည့် စီးပွားရေးမူဝါဒ (၄) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ဆင်းရဲချမ်းသာကွာဟမှုလျော့နည်းရေး၊ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေး စသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးမျှော်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စု လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပထမငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အမျိုးသားစီမံကိန်း**ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ငါးနှစ်ကာလတိုစီမံကိန်း၊ အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်ပါသည်။ အမျိုးသားစီမံကိန်းတွင် ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ လုပ်ငန်းစီမံကိန်းများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ စသည့် စီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ဈေးနှုန်းဖြစ်သည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ဈေးနှုန်းဖြစ်သည်။

(င) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ**ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်း၏အရေးကြီးသည့်ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၉.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၂.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၈.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင် ၂၉.၄ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၁၃.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၈.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၉.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၁.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၄.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၆၈.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၂၃.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၂၁.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၅.၄ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းများအရ -

(၁) ကချင်ပြည်နယ်တွင် ၂.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၁၀.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၁၅.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၂၆.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၉.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၉.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၈.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၈.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၁၂.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၁၀.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၅.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၉.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၅.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၂၈.၂ ရာခိုင်နှုန်း တိုးတက်ရန်။

(ဃ) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက် ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၂၉.၉ ရာခိုင်နှုန်းမှ ၂၈.၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၃၃.၈ ရာခိုင်နှုန်းမှ ၃၅.၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၃၆.၃ ရာခိုင်နှုန်းမှ ၃၆.၄ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၄၈,၈၀၉.၇ ဘီလီယံဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၉. ၄ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀. ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင် အခန်းမှ အချိုးအစားအားဖြင့် ၇၀. ၆ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၂,၄၄၆. ၀ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပ သွင်းကုန်ကို ကျပ် ၁၂,၇၄၀. ၀ ဘီလီယံ တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per capita GDP) မှာ နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၉၆၂,၂၄၀ မှ ကျပ် ၁,၀၆၅,၂၇၇ သို့ ဖြစ်ပေါ် လာရန်။

## အခန်း (၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည် ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်း အစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသောစီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာထည့်သွင်းစီမံဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေသော နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ထာဝရရှင်သန်စေမည့် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှု ကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ် ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး တို့ကို အထောက်အကူပြုသောစီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်း ပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုးရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်း စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**ပူးတွဲ-၁**

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ
## ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

<table>
<tr><th rowspan="2" colspan="2">အမှတ်စဉ်</th><th rowspan="2">ကဏ္ဍကြီး</th><th colspan="3">၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်<br>(အမျိုးသားစီမံကိန်း)</th><th colspan="3">၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်<br>(အမျိုးသားစီမံကိန်း)</th></tr>
<tr><th>တန်ဖိုး</th><th>ပါဝင်မှုအချိုး<br>(ရာခိုင်နှုန်း)</th><th>တိုးတက်မှုနှုန်း<br>(ရာခိုင်နှုန်း)</th><th>တန်ဖိုး</th><th>ပါဝင်မှုအချိုး<br>(ရာခိုင်နှုန်း)</th><th>တိုးတက်မှုနှုန်း<br>(ရာခိုင်နှုန်း)</th></tr>
<tr><td colspan="2">၁</td><td>၂</td><td>၃</td><td>၄</td><td>၅</td><td>၆</td><td>၇</td><td>၈</td></tr>
<tr><td>၁</td><td></td><td>လယ်ယာကဏ္ဍကြီး</td><td>၁၅,၈၆၅,၂၉၆.၇</td><td>၃၁.၈</td><td>၃.၃</td><td>၁၆,၄၈၉,၃၀၈.၂</td><td>၃၀.၃</td><td>၃.၉</td></tr>
<tr><td></td><td>၁</td><td>လယ်ယာ</td><td>၁၁,၆၃၃,၁၂၈.၃</td><td>၂၃.၃</td><td>၂.၃</td><td>၁၁,၉၄၄,၀၈၇.၈</td><td>၂၁.၉</td><td>၂.၇</td></tr>
<tr><td></td><td>၂</td><td>သားငါး</td><td>၄,၀၈၂,၈၄၄.၆</td><td>၈.၂</td><td>၆.၇</td><td>၄,၄၃၉,၈၀၉.၉</td><td>၈.၂</td><td>၈.၇</td></tr>
<tr><td></td><td>၃</td><td>သစ်တော</td><td>၁၄၉,၃၂၃.၈</td><td>၀.၃</td><td>-၆.၁</td><td>၁၀၅,၄၁၀.၅</td><td>၀.၂</td><td>-၂၉.၄</td></tr>
<tr><td>၂</td><td></td><td>စက်မှုကဏ္ဍကြီး</td><td>၁၄,၃၃၈,၅၇၃.၉</td><td>၂၈.၈</td><td>၁၃.၃</td><td>၁၅,၈၂၇,၆၁၂.၇</td><td>၂၉.၁</td><td>၁၀.၄</td></tr>
<tr><td></td><td>၁</td><td>စွမ်းအင်</td><td>၇၀,၉၉၈.၉</td><td>၀.၂</td><td>၅.၅</td><td>၈၀,၅၂၄.၁</td><td>၀.၂</td><td>၁၃.၄</td></tr>
<tr><td></td><td>၂</td><td>သတ္တုနှင့်တွင်းထွက်ပစ္စည်း</td><td>၄၁၅,၁၂၆.၈</td><td>၀.၈</td><td>၂၄.၆</td><td>၄၅၁,၆၇၈.၆</td><td>၀.၈</td><td>၈.၈</td></tr>
<tr><td></td><td>၃</td><td>စက်မှုလက်မှု</td><td>၁၀,၇၇၈,၇၃၆.၅</td><td>၂၁.၆</td><td>၁၀.၉</td><td>၁၁,၈၀၂,၃၈၄.၁</td><td>၂၁.၇</td><td>၉.၅</td></tr>
<tr><td></td><td>၄</td><td>လျှပ်စစ်ဓာတ်အား</td><td>၅၇၃,၈၀၄.၄</td><td>၁.၂</td><td>၁၃.၈</td><td>၆၄၀,၂၀၆.၈</td><td>၁.၂</td><td>၁၁.၆</td></tr>
<tr><td></td><td>၅</td><td>ဆောက်လုပ်မှု</td><td>၂,၄၉၉,၉၀၇.၃</td><td>၅.၀</td><td>၂၂.၇</td><td>၂,၈၅၂,၈၁၉.၁</td><td>၅.၂</td><td>၁၄.၁</td></tr>
<tr><td>၃</td><td></td><td>ဝန်ဆောင်မှုကဏ္ဍကြီး</td><td>၁၉,၆၆၄,၉၄၂.၇</td><td>၃၉.၄</td><td>၁၀.၇</td><td>၂၂,၁၁၁,၃၄၂.၄</td><td>၄၀.၆</td><td>၁၂.၄</td></tr>
<tr><td></td><td>၁</td><td>ပို့ဆောင်ရေး</td><td>၆,၂၀၅,၈၅၄.၁</td><td>၁၂.၄</td><td>၅.၁</td><td>၆,၆၇၅,၂၉၃.၇</td><td>၁၂.၃</td><td>၇.၆</td></tr>
<tr><td></td><td>၂</td><td>ဆက်သွယ်ရေး</td><td>၁,၅၄၇,၇၂၅.၁</td><td>၃.၁</td><td>၅၇.၂</td><td>၂,၆၁၄,၁၇၉.၅</td><td>၄.၈</td><td>၆၈.၉</td></tr>
<tr><td></td><td>၃</td><td>ငွေရေးကြေးရေး</td><td>၁၀၃,၀၇၁.၄</td><td>၀.၂</td><td>၉၂.၇</td><td>၁၂၇,၆၆၀.၄</td><td>၀.၂</td><td>၂၃.၉</td></tr>
<tr><td></td><td>၄</td><td>လူမှုရေးနှင့်စီမံခန့်ခွဲရေး</td><td>၁,၁၄၄,၂၉၆.၀</td><td>၂.၃</td><td>၂၇.၈</td><td>၁,၃၈၆,၉၃၉.၇</td><td>၂.၆</td><td>၂၁.၂</td></tr>
<tr><td></td><td>၅</td><td>ငှားရမ်းခနှင့်<br>အခြားဝန်ဆောင်မှု</td><td>၁,၁၁၉,၆၇၃.၆</td><td>၂.၃</td><td>၁၅.၇</td><td>၁,၂၅၁,၁၃၁.၄</td><td>၂.၃</td><td>၁၁.၇</td></tr>
<tr><td></td><td>၆</td><td>ကုန်သွယ်မှု</td><td>၉,၅၄၄,၃၂၂.၅</td><td>၁၉.၁</td><td>၆.၆</td><td>၁၀,၀၅၆,၁၃၇.၇</td><td>၁၈.၄</td><td>၅.၄</td></tr>
<tr><td>၄</td><td></td><td>အသားတင်ထုတ်လုပ်မှုနှင့်<br>ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)</td><td>၄၉,၈၆၈,၈၁၃.၃</td><td>၁၀၀.၀</td><td>၈.၉</td><td>၅၄,၄၂၈,၂၆၃.၃</td><td>၁၀၀.၀</td><td>၉.၁</td></tr>
</table>

**ပူးတွဲ-၂**

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၀,၂၀၃,၈၇၀. ၆** | **၆၀. ၆** | **၇. ၈** | **၃၂,၃၁၆,၉၂၀. ၉** | **၅၉. ၄** | **၇. ၀** |
| | ၁ | လယ်ယာ | ၁၁,၆၃၃,၁၂၈. ၃ | ၂၃. ၃ | ၂. ၃ | ၁၁,၉၄၄,၀၈၇. ၈ | ၂၁. ၉ | ၂. ၇ |
| | ၂ | သားငါး | ၄,၀၈၂,၈၄၄. ၆ | ၈. ၂ | ၆. ၇ | ၄,၄၃၉,၈၀၉. ၉ | ၈. ၂ | ၈. ၇ |
| | ၃ | သစ်တော | ၁၄၉,၃၂၃. ၈ | ၀. ၃ | -၆. ၁ | ၁၀၅,၄၁၀. ၅ | ၀. ၂ | -၂၉. ၄ |
| | ၄ | စွမ်းအင် | ၇၀,၉၉၈. ၉ | ၀. ၂ | ၅. ၅ | ၈၀,၅၂၄. ၁ | ၀. ၂ | ၁၃. ၄ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄၁၅,၁၂၆. ၈ | ၀. ၈ | ၂၄. ၆ | ၄၅၁,၆၇၈. ၆ | ၀. ၈ | ၈. ၈ |
| | ၆ | စက်မှုလက်မှု | ၁၀,၇၇၈,၇၃၆. ၅ | ၂၁. ၆ | ၁၀. ၉ | ၁၁,၈၀၂,၃၈၄. ၁ | ၂၁. ၇ | ၉. ၅ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၅၇၃,၈၀၄. ၄ | ၁. ၂ | ၁၃. ၈ | ၆၄၀,၂၀၆. ၈ | ၁. ၂ | ၁၁. ၆ |
| | ၈ | ဆောက်လုပ်မှု | ၂,၄၉၉,၉၀၇. ၃ | ၅. ၀ | ၂၂. ၇ | ၂,၈၅၂,၈၁၉. ၁ | ၅. ၂ | ၁၄. ၁ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၀,၁၂၀,၆၂၀. ၂** | **၂၀. ၃** | **၁၅. ၀** | **၁၂,၀၅၅,၂၀၄. ၇** | **၂၂. ၂** | **၁၉. ၁** |
| | ၁ | ပို့ဆောင်ရေး | ၆,၂၀၅,၈၅၄. ၁ | ၁၂. ၄ | ၅. ၁ | ၆,၆၇၅,၂၉၃. ၇ | ၁၂. ၃ | ၇. ၆ |
| | ၂ | ဆက်သွယ်ရေး | ၁,၅၄၇,၇၂၅. ၁ | ၃. ၁ | ၅၇. ၂ | ၂,၆၁၄,၁၇၉. ၅ | ၄. ၈ | ၆၈. ၉ |
| | ၃ | ငွေရေးကြေးရေး | ၁၀၃,၀၇၁. ၄ | ၀. ၂ | ၉၂. ၇ | ၁၂၇,၆၆၀. ၄ | ၀. ၂ | ၂၃. ၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၁၄၄,၂၉၆. ၀ | ၂. ၃ | ၂၇. ၈ | ၁,၃၈၆,၉၃၉. ၇ | ၂. ၆ | ၂၁. ၂ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁,၁၁၉,၆၇၃. ၆ | ၂. ၃ | ၁၅. ၇ | ၁,၂၅၁,၁၃၁. ၄ | ၂. ၃ | ၁၁. ၇ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၉,၅၄၄,၃၂၂. ၅** | **၁၉. ၁** | **၆. ၆** | **၁၀,၀၅၆,၁၃၇. ၇** | **၁၈. ၄** | **၅. ၄** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၄၉,၈၆၈,၈၁၃. ၃** | **၁၀၀. ၀** | **၈. ၉** | **၅၄,၄၂၈,၂၆၃. ၃** | **၁၀၀. ၀** | **၉. ၁** |

**ပူးတွဲ-၃**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းအရ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၂၃၇,၂၂၁. ၇ | ၂. ၅ | ၈. ၄ | ၁,၂၆၁,၇၅၅. ၆ | ၂. ၃ | ၂. ၀ |
| ၂ | ကယားပြည်နယ် | ၁၇၈,၂၄၈. ၀ | ၀. ၄ | ၈. ၀ | ၁၉၆,၃၂၀. ၅ | ၀. ၄ | ၁၀. ၁ |
| ၃ | ကရင်ပြည်နယ် | ၈၆၉,၂၀၃. ၈ | ၁. ၇ | ၈. ၆ | ၁,၀၀၂,၇၄၈. ၉ | ၁. ၉ | ၁၅. ၄ |
| ၄ | ချင်းပြည်နယ် | ၁၇၄,၄၉၇. ၆ | ၀. ၄ | ၈. ၈ | ၂၂၀,၆၀၂. ၄ | ၀. ၄ | ၂၆. ၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၅,၇၇၅,၀၈၂. ၈ | ၁၁. ၆ | ၉. ၅ | ၆,၃၂၉,၀၁၅. ၉ | ၁၁. ၆ | ၉. ၆ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၇၀၃,၀၄၆. ၄ | ၃. ၄ | ၇. ၄ | ၁,၈၆၃,၁၀၁. ၃ | ၃. ၄ | ၉. ၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၄,၂၉၈,၅၇၂. ၃ | ၈. ၆ | ၈. ၇ | ၄,၆၇၂,၇၄၅. ၃ | ၈. ၆ | ၈. ၇ |
| ၈ | မကွေးတိုင်းဒေသကြီး | ၄,၇၈၀,၆၅၁. ၆ | ၉. ၆ | ၈. ၀ | ၅,၁၇၀,၃၁၉. ၀ | ၉. ၅ | ၈. ၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၅,၅၂၉,၀၀၄. ၅ | ၁၁. ၁ | ၇. ၀ | ၆,၂၁၃,၉၇၆. ၇ | ၁၁. ၄ | ၁၂. ၄ |
| ၁၀ | မွန်ပြည်နယ် | ၂,၁၃၃,၈၄၆. ၃ | ၄. ၃ | ၉. ၁ | ၂,၃၅၅,၇၉၀. ၀ | ၄. ၃ | ၁၀. ၄ |
| ၁၁ | ရခိုင်ပြည်နယ် | ၁,၉၁၄,၃၁၈. ၈ | ၃. ၈ | ၆. ၂ | ၂,၀၂၂,၈၉၅. ၀ | ၃. ၇ | ၅. ၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၁,၀၇၉,၄၅၀. ၁ | ၂၂. ၂ | ၈. ၀ | ၁၂,၁၁၂,၈၀၆. ၈ | ၂၂. ၃ | ၉. ၃ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၅၂၃,၄၀၄. ၄ | ၇. ၁ | ၆. ၁ | ၃,၆၉၉,၇၉၉. ၁ | ၆. ၈ | ၅. ၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅,၆၅၉,၆၃၃. ၉ | ၁၁. ၃ | ၅. ၆ | ၆,၀၀၇,၈၅၄. ၆ | ၁၁. ၀ | ၆. ၂ |
| ၁၅ | နေပြည်တော်ကောင်စီ နယ်မြေ | ၁,၀၁၂,၆၃၁. ၁ | ၂. ၀ | ၇၆. ၇ | ၁,၂၉၈,၅၃၂. ၂ | ၂. ၄ | ၂၈. ၂ |

**ပူးတွဲ-၄**

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၇,၇၂၉,၃၁၈. ၃** | **၂၉. ၉** | **၁၈,၉၁၄,၄၂၀. ၇** | **၂၈. ၆** | **၆. ၇** |
| | ၁ | လယ်ယာ | ၁၃,၀၅၈,၆၄၀. ၄ | ၂၂. ၀ | ၁၃,၇၅၉,၀၂၉. ၉ | ၂၀. ၈ | ၅. ၄ |
| | ၂ | သားငါး | ၄,၅၀၉,၅၁၆. ၈ | ၇. ၆ | ၅,၀၄၄,၄၁၅. ၂ | ၇. ၆ | ၁၁. ၉ |
| | ၃ | သစ်တော | ၁၆၁,၁၆၁. ၁ | ၀. ၃ | ၁၁၀,၉၇၆. ၆ | ၀. ၂ | -၃၁. ၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၉,၉၉၉,၆၈၄. ၆** | **၃၃. ၈** | **၂၃,၂၂၉,၁၀၇. ၉** | **၃၅. ၀** | **၁၆. ၁** |
| | ၁ | စွမ်းအင် | ၃,၇၆၇,၀၉၆. ၂ | ၆. ၄ | ၄,၄၇၅,၇၂၂. ၈ | ၆. ၈ | ၁၈. ၈ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၀၈,၅၁၇. ၀ | ၁. ၂ | ၇၁၀,၃၄၄. ၁ | ၁. ၁ | ၀. ၃ |
| | ၃ | စက်မှုလက်မှု | ၁၂,၀၉၉,၅၀၉. ၄ | ၂၀. ၄ | ၁၃,၅၄၂,၅၂၈. ၉ | ၂၀. ၄ | ၁၁. ၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၇၂၈,၅၂၄. ၇ | ၁. ၂ | ၁,၀၁၉,၈၉၄. ၁ | ၁. ၅ | ၄၀. ၀ |
| | ၅ | ဆောက်လုပ်မှု | ၂,၆၉၆,၀၃၇. ၃ | ၄. ၆ | ၃,၄၈၀,၆၁၈. ၀ | ၅. ၂ | ၂၉. ၁ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၁,၅၁၉,၉၅၀. ၁** | **၃၆. ၃** | **၂၄,၀၉၂,၁၇၇. ၀** | **၃၆. ၄** | **၁၂. ၀** |
| | ၁ | ပို့ဆောင်ရေး | ၆,၉၅၅,၅၀၄. ၁ | ၁၁. ၇ | ၇,၅၄၀,၉၇၀. ၄ | ၁၁. ၄ | ၈. ၄ |
| | ၂ | ဆက်သွယ်ရေး | ၅၆၀,၇၂၆. ၂ | ၁. ၀ | ၅၈၈,၅၃၄. ၈ | ၀. ၉ | ၅. ၀ |
| | ၃ | ငွေရေးကြေးရေး | ၇၉,၈၆၈. ၂ | ၀. ၁ | ၉၈,၉၂၄. ၀ | ၀. ၁ | ၂၃. ၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၃၅၅,၆၁၀. ၁ | ၂. ၃ | ၁,၈၈၆,၂၂၂. ၁ | ၂. ၈ | ၃၉. ၁ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁,၂၂၈,၆၂၈. ၄ | ၂. ၁ | ၁,၄၉၈,၁၇၀. ၃ | ၂. ၃ | ၂၁. ၉ |
| | ၆ | ကုန်သွယ်မှု | ၁၁,၃၃၉,၆၁၃. ၁ | ၁၉. ၁ | ၁၂,၄၇၉,၃၅၅. ၄ | ၁၈. ၉ | ၁၀. ၁ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၅၉,၂၄၈,၉၅၃. ၀** | **၁၀၀. ၀** | **၆၆,၂၃၅,၇၀၆. ၆** | **၁၀၀. ၀** | **၁၁. ၈** |

**ပူးတွဲ-၅**

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၇,၇၂၉,၀၀၂. ၉** | **၆၃. ၇** | **၄၂,၁၄၃,၅၂၉. ၆** | **၆၃. ၆** | **၁၁. ၇** |
| | ၁ | လယ်ယာ | ၁၃,၀၅၈,၆၄၀. ၄ | ၂၂. ၀ | ၁၃,၇၅၉,၀၂၉. ၉ | ၂၀. ၈ | ၅. ၄ |
| | ၂ | သားငါး | ၄,၅၀၉,၅၁၆. ၈ | ၇. ၆ | ၅,၀၄၄,၄၁၅. ၂ | ၇. ၆ | ၁၁. ၉ |
| | ၃ | သစ်တော | ၁၆၁,၁၆၁. ၁ | ၀. ၃ | ၁၁၀,၉၇၆. ၆ | ၀. ၂ | -၃၁. ၁ |
| | ၄ | စွမ်းအင် | ၃,၇၆၇,၀၉၆. ၂ | ၆. ၄ | ၄,၄၇၅,၇၂၂. ၈ | ၆. ၈ | ၁၈. ၈ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၀၈,၅၁၇. ၀ | ၁. ၂ | ၇၁၀,၃၄၄. ၁ | ၁. ၁ | ၀. ၃ |
| | ၆ | စက်မှုလက်မှု | ၁၂,၀၉၉,၅၀၉. ၄ | ၂၀. ၄ | ၁၃,၅၄၂,၅၂၈. ၉ | ၂၀. ၄ | ၁၁. ၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၇၂၈,၅၂၄. ၇ | ၁. ၂ | ၁,၀၁၉,၈၉၄. ၁ | ၁. ၅ | ၄၀. ၀ |
| | ၈ | ဆောက်လုပ်မှု | ၂,၆၉၆,၀၃၇. ၃ | ၄. ၆ | ၃,၄၈၀,၆၁၈. ၀ | ၅. ၂ | ၂၉. ၁ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၀,၁၈၀,၃၃၇. ၀** | **၁၇. ၂** | **၁၁,၆၁၂,၈၂၁. ၆** | **၁၇. ၅** | **၁၄. ၁** |
| | ၁ | ပို့ဆောင်ရေး | ၆,၉၅၅,၅၀၄. ၁ | ၁၁. ၇ | ၇,၅၄၀,၉၇၀. ၄ | ၁၁. ၄ | ၈. ၄ |
| | ၂ | ဆက်သွယ်ရေး | ၅၆၀,၇၂၆. ၂ | ၁. ၀ | ၅၈၈,၅၃၄. ၈ | ၀. ၉ | ၅. ၀ |
| | ၃ | ငွေရေးကြေးရေး | ၇၉,၈၆၈. ၂ | ၀. ၁ | ၉၈,၉၂၄. ၀ | ၀. ၁ | ၂၃. ၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၃၅၅,၆၁၀. ၁ | ၂. ၃ | ၁,၈၈၆,၂၂၂. ၁ | ၂. ၈ | ၃၉. ၁ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁,၂၂၈,၆၂၈. ၄ | ၂. ၁ | ၁,၄၉၈,၁၇၀. ၃ | ၂. ၃ | ၂၁. ၉ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၁,၃၃၉,၆၁၃. ၁** | **၁၉. ၁** | **၁၂,၄၇၉,၃၅၅. ၄** | **၁၈. ၉** | **၁၀. ၁** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၅၉,၂၄၈,၉၅၃. ၀** | **၁၀၀. ၀** | **၆၆,၂၃၅,၇၀၆. ၆** | **၁၀၀. ၀** | **၁၁. ၈** |

ပူးတွဲ-၆

**တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏**
**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းအရ**
**အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁,၅၅၀,၃၆၀. ၃ | ၂. ၆ | ၁,၅၅၁,၂၉၀. ၅ | ၂. ၃ | ၀. ၁ |
| ၂ | ကယားပြည်နယ် | ၁၉၆,၅၂၃. ၅ | ၀. ၃ | ၂၂၇,၈၇၆. ၇ | ၀. ၃ | ၁၆. ၀ |
| ၃ | ကရင်ပြည်နယ် | ၉၅၇,၁၄၇. ၄ | ၁. ၆ | ၁,၁၃၃,၀၈၅. ၄ | ၁. ၇ | ၁၈. ၄ |
| ၄ | ချင်းပြည်နယ် | ၁၉၂,၂၉၆. ၄ | ၀. ၃ | ၂၄၂,၄၇၀. ၄ | ၀. ၄ | ၂၆. ၁ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆,၄၇၀,၅၀၂. ၀ | ၁၀. ၉ | ၇,၂၃၂,၂၅၅. ၇ | ၁၀. ၉ | ၁၁. ၈ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၂၅၄,၈၈၆. ၉ | ၅. ၅ | ၃,၅၃၆,၁၆၆. ၂ | ၅. ၃ | ၈. ၆ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၄,၇၁၃,၆၉၇. ၈ | ၈. ၀ | ၅,၁၈၈,၆၇၄. ၁ | ၇. ၈ | ၁၀. ၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၄၈၅,၃၂၇. ၆ | ၉. ၃ | ၆,၁၃၉,၁၃၂. ၃ | ၉. ၃ | ၁၁. ၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၁၀၉,၉၅၀. ၅ | ၁၀. ၃ | ၆,၇၈၆,၀၈၅. ၆ | ၁၀. ၃ | ၁၁. ၁ |
| ၁၀ | မွန်ပြည်နယ် | ၂,၃၄၈,၃၁၆. ၅ | ၄. ၀ | ၂,၆၅၈,၇၁၉. ၆ | ၄. ၀ | ၁၃. ၂ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၇၉၇,၈၈၈. ၁ | ၄. ၇ | ၂,၉၅၆,၄၀၆. ၄ | ၄. ၅ | ၅. ၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၂,၄၀၇,၁၃၄. ၁ | ၂၁. ၀ | ၁၃,၉၉၀,၉၈၆. ၅ | ၂၁. ၁ | ၁၂. ၈ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၉၀၁,၆၄၉. ၆ | ၆. ၆ | ၄,၁၇၃,၄၄၆. ၁ | ၆. ၃ | ၇. ၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၇,၇၇၇,၉၆၂. ၅ | ၁၃. ၁ | ၈,၉၇၄,၇၉၈. ၂ | ၁၃. ၆ | ၁၅. ၄ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၀၈၅,၃၀၉. ၈ | ၁. ၈ | ၁,၄၄၄,၃၁၂. ၉ | ၂. ၂ | ၃၃. ၁ |

ပူးတွဲ-၇

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ပိုင်ဆိုင်မှုအခန်းအလိုက်ရင်းနှီးမြှုပ်နှံမှုလျာထားချက်

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၄,၉၂၈,၈၂၄. ၀* | ၂၅. ၅ | ၆,၈၅၅,၇၀၁. ၈* | ၂၉. ၄ |
| ၂ | သမဝါယမပိုင် | ၁,၆၇၃. ၇ | ၀. ၀၁ | ၂,၀၅၇. ၇ | ၀. ၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၁၄,၄၁၂,၁၆၇. ၇ | ၇၄. ၅ | ၁၆,၄၃၇,၁၁၃. ၀ | ၇၀. ၆ |
| | **စုစုပေါင်း** | **၁၉,၃၄၂,၆၆၅. ၄** | **၁၀၀. ၀** | **၂၃,၂၉၄,၈၇၂. ၅** | **၁၀၀. ၀** |

*** နိုင်ငံခြားချေးငွေနှင့်အထောက်အပံ့အပါအဝင်ဖြစ်ပါသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

**မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားပြီးဖြစ်သော မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၅ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်　　/၂၀၁၃။ )**

ခုနှစ်၊　　　　လ　　　ရက်

(　　ခုနှစ်၊　　လ　　ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။　မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတွင် ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

**တံဆိပ်ခေါင်းအက်ဥပဒေတွင် ပြင်ဆင်သင့်သောပုဒ်မများ တင်ပြခြင်း**

| စဉ် | ဥပဒေ/ နည်းဥပဒေနှင့် စည်းမျဉ်း | တည်ဆဲဥပဒေအရ မူလစကားရပ် | ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း အသစ်ပြဋ္ဌာန်းသင့်သည့် စကားရပ် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|
| | မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေပုဒ်မ ၉ | "9. (b) amend or enhance all or any of the amounts or values, description of instruments and proper stamp duties mentioned in this Act including Schedule 1 annexed thereto." | ပယ်ဖျက်ရန် | ၂၀၁၁ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် တံဆိပ်ခေါင်းခွန်နှုန်းထားများကို ပြင်ဆင်ခြင်း၊ တိုးမြှင့်ခြင်းတို့ ဆောင်ရွက်ရန် ပြဋ္ဌာန်းခဲ့ခြင်းကို ပြည်ထောင်စုလွှတ်တော်အနေဖြင့်သာ ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ပြင်ဆင်ခြင်း ဖြစ်ပါသည်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားပြီးဖြစ်သော ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၅ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။ )**

၁၃၇၅ ခုနှစ်၊            လ        ရက်

( ၂၀    ခုနှစ်၊           လ       ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ" ဟု ခေါ်တွင်စေရမည်။

၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆။ မည်သည့်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့် -

(က) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကိုဖြစ်စေ၊ ရှိရင်းဇယားများကိုဖြစ်စေ၊ အခွန်နှုန်းများကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ပြုနိုင်သည်၊

(ခ) အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏကို သတ်မှတ်နိုင်သည်။"

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၈ မှ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၇။ မည်သည့်နှစ်အတွက်မဆို ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတွင် နိုင်ငံခြားငွေပါဝင်ပါက ပြည်ထောင်စု၏အခွန်အကောက်ဆိုင်ရာဥပဒေဖြင့် အခွန်ကျသင့်စေရန် သတ်မှတ်နိုင်သည်။"

## ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ပြင်ဆင်ချက်များနှင့်ပတ်သက်၍ ကျိုးကြောင်းရှင်းလင်းတင်ပြချက်

| မူကြမ်း ပုဒ်မ | တည်ဆဲဥပဒေပြဋ္ဌာန်းချက် | | | ပြင်ဆင်ပြဋ္ဌာန်းချက် | ကျိုးကြောင်းရှင်းလင်းတင်ပြချက် |
|---|---|---|---|---|---|
| | ပုဒ်မ | ပုဒ်မခွဲ | တည်ဆဲပြဋ္ဌာန်းချက် | | |
| ၃ | ၆ | | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် -<br>(က) အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကို ဖြစ်စေ၊ အခွန်နှုန်းများကိုဖြစ်စေ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းကို ပြုနိုင်သည်၊<br>(ခ) ပုဒ်မခွဲ (က) အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက်ကိုဖြစ်စေ၊ ဘဏ္ဍာရေးနှစ်ကိုဖြစ်စေ၊ စည်းကြပ်နှစ်ကိုဖြစ်စေ သတ်မှတ်ပေးရမည်။ | မည်သည့်နှစ်အတွက်မဆိုပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့် -<br>(က) ဤဥပဒေ၏ နောက်ဆက်တွဲ ဇယားပါ ဖော်ပြချက်များကို ဖြစ်စေ၊ ရှိရင်းဇယားများကို ဖြစ်စေ၊ အခွန်နှုန်းများကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းကို ပြုနိုင်သည်၊<br>(ခ) အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေပမာဏကို သတ်မှတ်နိုင်သည်။ | ၂၀၁၁ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အခွန်နှုန်းများနှင့် အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ/ရငွေပမာဏကို ပြင်ဆင်ရန် ဆောင်ရွက်ခဲ့ခြင်းအား ယခု ပြည်ထောင်စု လွှတ်တော်မှသာ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန် အတွက် ပြင်ဆင်ခြင်းဖြစ်ပါသည်။ |
| ၄ | ၈ | | ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ -<br>(ခ) အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ပမာဏကို သတ်မှတ်နိုင်သည်၊ | ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၈ မှ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။ | အခွန်မစည်းကြပ်ထိုက်သည့်ရောင်းရငွေ/ ရငွေပမာဏသတ်မှတ်ခြင်းအား ပုဒ်မ ၆ တွင် ဖြည့်စွက်လိုက်သဖြင့် ပုဒ်မ ၈ တွင် ပယ်ဖျက်ခြင်းဖြစ်ပါသည်။ |

| မူကြမ်း ပုဒ်မ | တည်ဆဲဥပဒေပြဋ္ဌာန်းချက် | | | ပြင်ဆင်ပြဋ္ဌာန်းချက် | ကျိုးကြောင်းရှင်းလင်းတင်ပြချက် |
|---|---|---|---|---|---|
| | ပုဒ်မ | ပုဒ်မခွဲ | တည်ဆဲပြဋ္ဌာန်းချက် | | |
| ၅ | ၂၇ | | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ -<br>(က) ကုန်စည်တစ်မျိုးမျိုးကို ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ်ဆောင်ရွက်ခြင်းအတွက် နိုင်ငံခြားငွေရရှိလျှင် ယင်းနိုင်ငံခြားငွေအပေါ် ကျသင့်စေရမည့် အခွန်နှုန်းကို သတ်မှတ်နိုင်သည်။<br>(ခ) နယ်စပ်ကုန်သွယ်မှုတွင် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် သွင်းကုန်တင်သွင်းစဉ်က ကျပ်ငွေဖြင့်ပေးချေခဲ့လျှင် ကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် ပေးချေခဲ့လျှင် ယင်းနိုင်ငံခြားငွေဖြင့်လည်းကောင်း ကျသင့်စေရမည့်အခွန်နှုန်းကို သတ်မှတ်နိုင်သည်။<br>(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက်ကိုဖြစ်စေ၊ ဘဏ္ဍာရေးနှစ်ကိုဖြစ်စေ၊ စည်းကြပ်နှစ်ကိုဖြစ်စေ သတ်မှတ်ပေးရမည်။ | "၂၇။ မည်သည့်စည်းကြပ်နှစ်အတွက်မဆို ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတွင် နိုင်ငံခြားငွေ ပါဝင်ပါက ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေဖြင့် အခွန်ကျသင့်စေရန် သတ်မှတ်နိုင်သည်။" | နိုင်ငံခြားငွေဖြင့် အခွန်ကျသင့်စေခြင်းနှင့် ပတ်သက်၍ မူသဘောအရ ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးအတည်ပြုပေးနိုင်ရန်နှင့် အခွန်နှုန်းများကိုလည်း သတ်မှတ်ပေးနိုင်ရန် ပြင်ဆင်ခြင်းဖြစ်ပါသည်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

## ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားပြီးဖြစ်သော ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၅ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

## ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  /၂၀၁၃။ )**

၁၃၇၅ ခုနှစ်၊  လ  ရက်

( ၂၀၁၃ ခုနှစ်၊  လ  ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ (က) မည်သည့်စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့် အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည် -

(၁) ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊

(၂) ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊

(၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့်ဝင်ငွေနှင့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ခြင်းပြုသည့်အခါ အဆိုပါစည်းကြပ်နှစ်နှင့်သက်ဆိုင်သော ဝင်ငွေနှစ်အတွင်း စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိသူအားလုံးအား ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် သတ်မှတ်သည့်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်စေရမည်။"

၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ တွင် -

(က) ပုဒ်မခွဲ (က) တွင် ပါရှိသော "ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍" ဆိုသည့် စကားရပ်ကို "မည်သည့်စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့်" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၆ ၏ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

## ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ကျိုးကြောင်းရှင်းလင်းတင်ပြချက်

| စဉ် | ဥပဒေ/ နည်းဥပဒေနှင့် စည်းမျဉ်း | တည်ဆဲဥပဒေအရ မူလစကားရပ် | ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း အသစ်ပြဋ္ဌာန်းသင့်သည့် စကားရပ် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|
| ၁။ | ဥပဒေပုဒ်မ ၄ ဝင်ငွေခွန်ကျသင့်စေခြင်း | **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -**<br>(က) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည် -<br>(၁) ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊<br>(၂) ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊<br>(၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း။ | မည်သည့်စည်းကြပ်နှစ်တွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့် -<br>(က) အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည် -<br>(၁) ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊<br>(၂) ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊<br>(၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း။ | ၂၀၁၁ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အခွန်နှုန်းများနှင့် အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ/ရငွေပမာဏကို ပြင်ဆင်ရန် ဆောင်ရွက်ခဲ့ခြင်းအား ယခု ပြည်ထောင်စုလွှတ်တော်မှသာ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်အတွက် ပြင်ဆင်ခြင်းဖြစ်ပါသည်။ |

| စဉ် | ဥပဒေ/ နည်းဥပဒေနှင့် စည်းမျဉ်း | တည်ဆဲဥပဒေအရ မူလစကားရပ် | ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း အသစ်ပြဋ္ဌာန်းသင့်သည့် စကားရပ် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|
| | | (ခ) ပုဒ်မခွဲ (က) အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာတွင် -<br>(၁) စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်။<br>(၂) အဆိုပါ စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်နှင့် သက်ဆိုင်သည့် ဝင်ငွေနှစ်အတွင်း ရရှိသော စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိသူအားလုံးအား ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် သတ်မှတ်သည့်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်စေရမည်။ | (ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ခြင်းပြုသည့်အခါ အဆိုပါစည်းကြပ်နှစ်နှင့်သက်ဆိုင်သော ဝင်ငွေနှစ်အတွင်း စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိသူအားလုံးအား ရရှိသည့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် သတ်မှတ်သည့် နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်စေရမည်။ | ၂၀၁၁ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အခွန်နှုန်းများနှင့် အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ/ရငွေ ပမာဏကို ပြင်ဆင်ရန် ဆောင်ရွက်ခဲ့ခြင်းအား ယခု ပြည်ထောင်စုလွှတ်တော်မှသာ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်အတွက် ပြင်ဆင်ခြင်းဖြစ်ပါသည်။ |
| ၂။ | ဥပဒေပုဒ်မ ၆ သက်သာခွင့်များ | **(က) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍** အောက်ပါခွင့်ပြုငွေတို့ကို သတ်မှတ်ခြင်း၊ | ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ တွင် -<br>(က) ပုဒ်မခွဲ (က) တွင် ပါရှိသော "ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် | သက်သာခွင့်များကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းမည့် အခွန်အကောက်ဆိုင်ရာဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်အတွက် ပြင်ဆင်ရခြင်းဖြစ်ပါသည်။ |

| စဉ် | ဥပဒေ/ နည်းဥပဒေနှင့် စည်းမျဉ်း | တည်ဆဲဥပဒေအရ မူလစကားရပ် | ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း အသစ်ပြဋ္ဌာန်းသင့်သည့် စကားရပ် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|
| | | ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည် -<br>(၁) ပုဂ္ဂိုလ်စုအတွက် အခြေခံခွင့်ပြုငွေ၊<br>(၂) တစ်ဦးချင်းပုဂ္ဂိုလ်အတွက် အခြေခံခွင့်ပြုငွေနှင့် အခွန်ထမ်း၏အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် ခွင့်ပြုငွေ။ | အမိန့်ကြော်ငြာစာထုတ်ပြန်၍” ဆိုသည့် စကားရပ်ကို “မည်သည့်စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏အခွန်အကောက်ဆိုင်ရာဥပဒေဖြင့်” ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။ | |
| | | (ခ) ပုဒ်မခွဲ (က) အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်။ | (ခ) ပုဒ်မ ၆ ၏ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

**ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားပြီးဖြစ်သော ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၅ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  /၂၀၁၃။ )**

ခုနှစ်၊ လ ရက်

( ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရုံးခွန်အက်ဥပဒေတွင် ပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"35. The Union Government may, from time to time, by notification in the Gazette, reduce or remit all or any of the fees mentioned in the first and Second Schedules to this act annexed, and may like manner cancel or vary such order"

**ရုံးခွန်အက်ဥပဒေတွင် ပြင်ဆင်သင့်သောပုဒ်မများ တင်ပြခြင်း**

| စဉ် | ဥပဒေ/ နည်းဥပဒေနှင့် စည်းမျဉ်း | တည်ဆဲဥပဒေအရ မူလစကားရပ် | ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း အသစ်ပြဋ္ဌာန်းသင့်သည့် စကားရပ် | ကျိုးကြောင်းဖော်ပြချက် |
|---|---|---|---|---|
| | မြန်မာနိုင်ငံ ရုံးခွန်အက်ဥပဒေ ပုဒ်မ ၃၅ | "35. Ministry of Finance and Revenue of the Union Government may, with the approval of the Union Government, by notification:<br>(a) Reduce or remit all or any of the fees mentioned in the First and Second Schedules of this Act.<br>(b) Amend or enhance all or any of the amounts or value, numbers or proper fees mentioned in this Act including those in Schedules annexed there to." | "35. The Union Government may, from time to time, by notification in the Gazette, reduce or remit all or any of the fees mentioned in the First and Second Schedules to this Act annexed, and may like manner cancel or vary such order." | ၁။ ယခင် ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရုံးခွန်အက်ဥပဒေဇယား ၁ နှင့် ၂ ပါ ထိုက်သင့်သည့် ရုံးခွန်အားလုံးကိုဖြစ်စေ၊ ရုံးခွန်တစ်ရပ်ရပ်ကိုဖြစ်စေ လျှော့ပေါ့ခွင့် (သို့) ကင်းလွတ်ခွင့်ပေးခြင်း (သို့) ပြင်ဆင်ခြင်း (သို့) ဖြည့်စွက်ခြင်းများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။<br>၂။ ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ အရ နောက်ဆက်တွဲ ဇယား ၁၊ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် တံဆိပ်ခေါင်းအက်ဥပဒေ ပါဝင်ခြင်းကြောင့် ရုံးခွန်အက်ဥပဒေအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုလွှတ်တော်မှ ပြုလုပ်ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်ပါသည်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသော ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ် ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ (မူကြမ်း)**

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  /၂၀၁၄။ )**

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင်ဖြစ်စေ၊ မြန်မာ နိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် စက်တပ်ယာဉ်တစ်ခုခုပေါ်တွင် ဖြစ်စေ ကျူးလွန်လျှင်လည်းကောင်း၊ မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရသူက ပြည်ပတွင် ကျူးလွန်လျှင်လည်းကောင်း ဤဥပဒေအရ စီရင်ပိုင်ခွင့် ရှိစေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ခ) **ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့** ဆိုသည်မှာ ဤဥပဒေ အခန်း (၅) အရ ဖွဲ့စည်း ထားသော ဌာန သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဂ) **စိစစ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေ အခန်း (၆) အရ ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့ကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေ ဆိုသည်။

(ဃ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေ အခန်း (၇) အရ ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့ကို ဆိုသည်။

(င) **သတင်းပို့အဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေကသတင်းပို့ရန် သတ်မှတ်ထားသည့်ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အပါအဝင် ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤဥပဒေအရသတင်းပို့ရန် အခါအားလျော်စွာ သတ်မှတ်တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့အစည်းကို ဆိုသည်။

(စ) **စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့် အာဏာပိုင်** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် သတင်းပို့ရန်သတ်မှတ်ထားသည့် ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့်အသက်မွေးဝမ်းကျောင်းပညာရှင်များအနေဖြင့် ဤဥပဒေအရ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များအပေါ် တိကျစွာလိုက်နာဆောင်ရွက်ကြစေရေးအတွက် ကြီးကြပ်ရန် တာဝန်ရှိကြောင်း ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်လျက် တာဝန်ပေးအပ်ခြင်းခံရသူကို ခေါ်သည်။

(ဆ) **ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ နိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် အခြားသက်ဆိုင်သောဥပဒေများအရ တည်ထောင်ထားသော ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဖောက်သည်တစ်ဦးဦးအတွက်ဖြစ်စေ သို့မဟုတ် ၎င်း၏ကိုယ်စား အောက်ပါဆောင်ရွက်မှုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောဆောင်ရွက်မှုများကိုဖြစ်စေ စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်၊ ငွေစုငွေချေးအသင်း၊ ငွေရေးကြေးရေးကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေးကုမ္ပဏီ၊ နိုင်ငံခြားငွေဝယ်ယူရောင်းချလဲလှယ်ရေးကောင်တာ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်း၊ အာမခံကုမ္ပဏီနှင့် အခြားအဖွဲ့အစည်းများကို ဆိုသည် -

(၁) ပုဂ္ဂလိကတစ်ဦးချင်းအတွက် ဘဏ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများထံမှ အပ်ငွေများနှင့် ပြန်လည်ပေးအပ်ရမည့်ရန်ပုံငွေများ လက်ခံခြင်း၊

(၂) ပစ္စည်းသိမ်းဆည်းခြင်း အပါအဝင် ကူးသန်းရောင်းဝယ်ရေး ဆောင်ရွက်ချက်များအတွက် ငွေကြေးဖြည့်ဆည်းပေးခြင်း၊ စားသုံးသူ ချေးငွေ၊ အပေါင်ဖြင့် ချေးငွေများ အပါအဝင် ငွေထုတ်ချေးခြင်း၊

(၃) စားသုံးသူဆိုင်ရာဆောင်ရွက်ချက်များနှင့် သက်ဆိုင်သည့် အစီအစဉ်များမှတစ်ပါး ငွေရေးကြေးရေးအငှားချထားခြင်း လုပ်ငန်းဆောင်ရွက်ခြင်း၊

(၄) ငွေကြေး သို့မဟုတ် တန်ဖိုးတစ်ရပ်ရပ်ကို လွှဲပြောင်းပေးခြင်း၊

(၅) အကြွေးဝယ်ကတ်နှင့်မြီစားကတ်များ၊ ခရီးသွားချက်လက်မှတ်၊ ငွေပေးအမိန့်များ၊ ဘဏ်ငွေလွှဲလက်မှတ်၊ အီလက်ထရောနစ် ငွေကြေးများနှင့် ပေးချေမှုနည်းလမ်းများ ထုတ်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၆) ငွေရေးကြေးရေးဆိုင်ရာအာမခံနှင့် ကတိစာချုပ်များ ထုတ်ဝေခြင်း၊

(၇) အောက်ပါ ငွေရေးကြေးရေးစာချုပ်စာတမ်းများ ရောင်းဝယ်ခြင်း -

(ကက) ချက်လက်မှတ်များ၊ ဘီလ်များ၊ အပ်ငွေလက်မှတ်များနှင့် ဆင့်ပွားစာချုပ် စာတမ်းများ၊ နိုင်ငံခြားသုံးငွေ၊ အတိုးနှုန်းနှင့် ဈေးနှုန်းညွှန်းကိန်း စာချုပ်စာတမ်းများ၊ လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များအပါအဝင် ငွေကြေးဈေးကွက်စာချုပ်စာတမ်းများအား ရောင်းဝယ်ခြင်း၊

(ခခ) ကုန်စည်များကို အနာဂတ်ကာလအတွက် မျှော်မှန်းရောင်းဝယ်ခြင်း၊

(၈) ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရာတွင်ပါဝင်ခြင်းနှင့် အဆိုပါကိစ္စရပ်များတွင် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊

(၉) ရင်းနှီးမြှုပ်နှံမှုတစ်ခုချင်းကိုဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုအားလုံးကိုဖြစ်စေ စီမံခန့်ခွဲခြင်း၊

(၁၀) အာမခံသေတ္တာများ လက်ခံထိန်းသိမ်းခြင်းနှင့် အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ငွေဖြစ်လွယ်သောငွေချေးသက်သေခံလက်မှတ်များ စီမံခန့်ခွဲပေးခြင်း၊

(၁၁) အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ဘဏ္ဍာရန်ပုံငွေများ စီမံခန့်ခွဲခြင်း သို့မဟုတ် စီမံအုပ်ချုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊

(၁၂) ကိုယ်စားလှယ်များနှင့် တစ်ဆင့်ကြားခံဆောင်ရွက်ပေးသူများက အာမခံလုပ်ငန်း ကြားခံဝန်ဆောင်မှုပေးခြင်း အပါအဝင် အခြားရင်းနှီးမြှုပ်နှံမှုနှင့်ဆက်သွယ်နေသည့် အာမခံလုပ်ငန်း၊ အသက်အာမခံလုပ်ငန်းဆောင်ရွက်ပေးခြင်းနှင့် တစ်ဆင့်အာမခံလုပ်ငန်း ဆောင်ရွက်ပေးခြင်း၊

(၁၃) ငွေကြေးနှင့်ငွေများ လဲလှယ်ဆောင်ရွက်ခြင်း။

(ဇ) **သဏ္ဍာန်ဆောင်ဘဏ်**ဆိုသည်မှာ နိုင်ငံအတွင်း တရားဝင်စီးပွားရေးလုပ်ငန်းအဖွဲ့ တည်ထောင်ထားပြီး လိုင်စင်ရယူထားခြင်း သို့မဟုတ် အခြေစိုက်ထားခြင်းဖြစ်သော်လည်း ရုပ်ဒြပ်အရ တည်ရှိနေခြင်းမရှိသည့်အပြင် ထိရောက်ခိုင်မာသည့် ကြီးကြပ်မှုခံရသော ငွေရေးကြေးရေးအုပ်စုတစ်ခုနှင့် ပေါင်းစည်းထားခြင်းမရှိသည့် ဘဏ်ကိုဆိုသည်။

(ဈ) **တစ်ဦးတစ်ယောက်သောသူ၊ သူတစ်ဦး**ဆိုသည်တွင် ဥပဒေအရ ဖွဲ့စည်းသည်ဖြစ်စေ၊ မဖွဲ့စည်းသည်ဖြစ်စေ ကုမ္ပဏီ သို့တည်းမဟုတ် အဖွဲ့အစည်း သို့တည်းမဟုတ် လူအစုလည်း ပါဝင်သည်။

(ည) **အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်**ဆိုသည်မှာ မူလအဓိကပိုင်ဆိုင်သူကိုဖြစ်စေ၊ ဖောက်သည်တစ်ဦးကို ထိန်းချုပ်သူကိုဖြစ်စေ သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုခုကို မိမိကိုယ်စားအခြားသူတစ်ဦးက ဆောင်ရွက်စေသည့် သူတစ်ဦးကိုဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ခုခုကို အဆုံးစွန်ထိရောက်သော ထိန်းချုပ်မှုပြုလုပ်သည့် သူတစ်ဦးလည်း ပါဝင်သည်။

(ဋ) **ဖောက်သည်**ဆိုသည်မှာ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူကို ဆိုသည် -

(၁) ငွေလွှဲပြောင်းခြင်း၊ ဘဏ်စာရင်းဖွင့်လှစ်ခြင်း သို့မဟုတ် ကတိကဝတ်ပြုခြင်း ဆောင်ရွက်သူ၊

(၂) ငွေလွှဲခြင်း သို့မဟုတ် ငွေစာရင်းတွင် လက်မှတ်ရေးထိုးသူ၊

(၃) ငွေလွှဲရန် တာဝန်ပေးအပ်ခံရသူ၊ ငွေလွှဲပြောင်းသူ၊ ငွေလွှဲရန် အခွင့်အရေးရှိသူ သို့မဟုတ် တာဝန်ရှိသူ၊

(၄) ငွေလွှဲပြောင်းရန် သို့မဟုတ် ငွေစာရင်းအားထိန်းချုပ်ရန် အခွင့်အာဏာရှိသူ၊

(၅) ပုဒ်မခွဲငယ် (၁) မှ (၄) အထိပါ ကိစ္စရပ်များ ဆောင်ရွက်ရန် အားထုတ်သူ။

(ဌ) **ပြည်တွင်းပြည်ပတွင် သြဇာတိက္ကမရှိသူ**ဆိုသည်မှာ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု၌ဖြစ်စေ အများပြည်သူဆိုင်ရာလုပ်ငန်းများဖြင့် ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူကိုလည်းကောင်း၊ ယင်း၏မိသားစုဝင်များ သို့မဟုတ် ယင်းနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူကိုလည်းကောင်း ဆိုသည်။

(ဍ) **အပြည်ပြည်ဆိုင်ရာတွင် သြဇာတိက္ကမရှိသူများ**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းများဆောင်ရွက်သည့် ဒါရိုက်တာ၊ ဒုတိယဒါရိုက်တာ၊ ဘုတ်အဖွဲ့အဖွဲ့ဝင်နှင့် အဆင့်မြင့် အဖွဲ့ဝင်ဖြစ်သူ၊ အလားတူလုပ်ငန်းများတွင် ယင်းအဆင့်နှင့်ညီမျှသော အဖွဲ့ဝင်ဖြစ်သူ သို့မဟုတ်

ယင်းလုပ်ငန်းဆောင်ရွက်ရန် ယုံကြည်ခြင်းခံရသူနှင့် ယင်း၏မိသားစုဝင်များ သို့မဟုတ် ယင်းနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူတို့ကို ဆိုသည်။

(ပ) **ငွေကြေးခဝါချမှု**ဆိုသည်မှာ အောက်ပါအချက်တစ်ရပ်ရပ်ကျူးလွန်ခြင်းကို ဆိုသည် -

(၁) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းဖြစ်သည်ဟု သိရှိလျက်နှင့်ဖြစ်စေ၊ သိရှိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ယင်းငွေကြေး သို့မဟုတ် ပစ္စည်း၏ဇာစ်မြစ်ကို အသွင်ပြောင်းလဲရန် သို့မဟုတ် ဖုံးကွယ်ရန်သော်လည်းကောင်း ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပါဝင်သူတစ်ဦးတစ်ယောက်အား ယင်း၏ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရအရေးယူခံရခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် ပြစ်မှုမကျူးလွန်မီဖြစ်စေ၊ ပြစ်မှုကျူးလွန်ပြီးနောက်ဖြစ်စေ အကူအညီပေးရန် ရည်ရွယ်ချက်ဖြင့် ယင်းငွေကြေးနှင့် ပစ္စည်းကိုပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(၂) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းဖြစ်ကြောင်း သိရှိသည့် သို့မဟုတ် သိရှိရန် အကြောင်းရှိသည့် ငွေကြေးနှင့်ပစ္စည်းများနှင့်စပ်လျဉ်း၍ မူလသဘာဝ၊ ဇာစ်မြစ်၊ တည်နေရာနှင့် ပင်ကိုစရိုက်လက္ခဏာတို့ကို ပြောင်းလဲမှုသော်လည်းကောင်း၊ ယင်းငွေကြေးနှင့် ပစ္စည်းတို့ကို ပိုင်ဆိုင်မှု သို့မဟုတ် အခွင့်အရေးတို့အား ဖုံးကွယ်ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်းသော်လည်းကောင်း ပြုခြင်း၊

(၃) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းဖြစ်ကြောင်း မိမိလက်ဝယ် လက်ခံရရှိသည့်အချိန်တွင် သိရှိသော သို့မဟုတ် သိရှိရန်အကြောင်းရှိသော ငွေကြေးနှင့် ပစ္စည်းကိုရယူခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(၄) ပုဒ်မခွဲ (ပ)၊ အပိုဒ် (၁) မှ (၃) ပါ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန် အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မှုဖြင့်သော်လည်းကောင်း၊ ပျက်ကွက်မှုဖြင့်သော်လည်းကောင်း ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်ခြင်းဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်း။

(ဖ) **ငွေကြေး**ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခုက ထုတ်ဝေထားပြီး တရားဝင်လဲလှယ်အသုံးပြုနိုင်သည့် ငွေဒင်္ဂါး၊ ငွေအကြွေနှင့် ငွေစက္ကူများ၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများဖြစ်သည့် ငွေပေးကတိစာချုပ်များ၊ ငွေလွှဲလက်မှတ်များ၊ ချက်လက်မှတ်များ၊ ငွေချေးစာချုပ်များ၊ ငွေတိုက်စာချုပ်များ၊ ကြွေးမြီအာမခံစာချုပ်များ၊ နိုင်ငံခြားသုံးငွေများ၊ ယင်းငွေများနှင့်ဆက်စပ်နေသော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များကို ဆိုသည်။

(ဗ) **ပစ္စည်း**ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို တည်ရှိသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း အီလက်ထရောနစ် အထောက်အထားများ အပါအဝင်ပစ္စည်းကို အသုံးချ၍ ဆောင်ရွက်ရာမှရရှိသည့် အကျိုးအမြတ်၊ အခွင့်အရေး၊ အစုပေါ်အမြတ်၊ ပိုင်ဆိုင်ခွင့်နှင့် အခြားဝင်ငွေများလည်း ပါဝင်သည်။

(ဘ) **တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ**ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှဖြစ်စေ၊ ယင်းပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ခြင်းနှင့် စပ်ဆိုင်သောပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုမှဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရရှိသောငွေကြေးနှင့်ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ ငွေကြေးနှင့်ပစ္စည်းများကို အခြေခံ၍ ဖြစ်ထွန်းလာသော ငွေကြေး သို့မဟုတ် ပစ္စည်းများနှင့်

အကျိုးအမြတ်တို့သည်လည်းကောင်း၊ အခြားပစ္စည်းအဖြစ်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းအဖြစ်ဖြစ်စေ လွှဲပြောင်းခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုလုပ်ထားသည့် ငွေကြေး သို့မဟုတ် ပစ္စည်းများသည် လည်းကောင်း ပါဝင်သည်။

(ဒ) **သယ်ဆောင်လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ**ဆိုသည်မှာ ပိုင်ရှင်ကိုယ်စား ငွေထုတ်သည့် ပုံစံဖြင့်ဖြစ်စေ၊ ကန့်သတ်ချက်မထားရှိဘဲ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးခြင်းဖြင့်ဖြစ်စေ၊ ဖန်တီးထားသော ငွေလက်ခံသူအမည် ဖြည့်စွက်၍ဖြစ်စေ၊ လွှဲပြောင်းပေးအပ်ရန် အကျုံးဝင်သည့် အခြားပုံစံဖြင့်ဖြစ်စေ ရှိသည့် ချက်လက်မှတ်များ၊ ငွေပေးချေရန် ကတိစာချုပ်များနှင့် ငွေပေးအမိန့်များ အပါအဝင် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ ခရီးသွားချက်လက်မှတ်များကဲ့သို့ သယ်ဆောင်လွှဲပြောင်းနိုင်သည့်ပုံစံရှိသော ငွေရေးကြေးရေးစာချုပ်စာတမ်းများကို ဆိုသည်။ ယင်းစကားရပ်တွင် လက်မှတ်ရေးထိုးထားသော်လည်း ငွေလက်ခံမည့်သူ၏အမည် မပါဝင်သည့်ချက်လက်မှတ်များ၊ ငွေပေးချေရန် ကတိစာချုပ်များ၊ ငွေပေးအမိန့်များနှင့် မပြည့်မစုံဖြစ်သည့်စာချုပ်စာတမ်းများလည်း ပါဝင်သည်။

(ဓ) **အသုံးပြုပစ္စည်း**ဆိုသည်မှာ ဤဥပဒေပါ ပြစ်မှုများ၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုကျူးလွန်ရန်အလို့ငှာ အသုံးပြုသည့် သို့မဟုတ် အသုံးပြုရန်ရည်ရွယ်သည့် ပစ္စည်းများကို ဆိုသည်။

(န) **ငွေစာရင်း**ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများက ပြုလုပ်သော အောက်ပါဆောင်ရွက်ချက်တစ်ခုခုကို ဆိုသည် -

(၁) ငွေကြေး သို့မဟုတ် ပစ္စည်းများအပ်နှံသည်ကို လက်ခံခြင်း၊

(၂) ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းခြင်းကိုသော်လည်းကောင်း၊ ဘဏ်စာရင်းမှ ထုတ်ယူခြင်းကိုသော်လည်းကောင်း ခွင့်ပြုခြင်း၊

(၃) အခြားသူတစ်ဦးတစ်ယောက်ကိုယ်စား လွှဲပြောင်းနိုင်သော သို့မဟုတ် ရွှေ့ပြောင်းနိုင်သော စာချုပ်စာတမ်းများ ပေးအပ်ခြင်း သို့မဟုတ် အမိန့်ပေးခြင်း၊ ငွေပေးအမိန့်လွှာများ ထုတ်ယူခြင်း သို့မဟုတ် စုဆောင်းခြင်းအတွက် အမိန့်ပေးခြင်းများကို ဆောင်ရွက်ခြင်း၊

(၄) လုံခြုံသည့် အာမခံသေတ္တာ သို့မဟုတ် အခြားလုံခြုံမှုရှိသော အာမခံပုံစံများအတွက် အထောက်အကူ သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ခုခု။

(ပ) **ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်း**ဆိုသည်မှာ ဖောက်သည်တစ်ဦးတစ်ယောက်၏ လွှဲပြောင်းဆောင်ရွက်မှုသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတို့နှင့်စပ်ဆိုင်မှု ရှိ မရှိ ဆက်လက်စိစစ်နိုင်ရန်အတွက် စီးပွားဆက်ဆံမှု စတင်သည့်အချိန်မှစ၍ အဆိုပါဖောက်သည်နှင့် ပတ်သက်သော သတင်းအချက်အလက်များနှင့် လွှဲပြောင်းဆောင်ရွက်မှုဆိုင်ရာသတင်းအချက်အလက်များကို ပြည့်စုံစွာရရှိရန် စဉ်ဆက်မပြတ် အာရုံစိုက်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာအာဏာပိုင်များသို့ ဆက်လက်သတင်းပို့ခြင်း စသည်တို့ ပါဝင်သည့် လုပ်နည်းစနစ်ကို ဆိုသည်။

(ဖ) **ကြေးနန်းဖြင့် သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေလွှဲခြင်း**ဆိုသည်မှာ မူလပုဂ္ဂိုလ်၏ ကိုယ်စား ငွေရေးကြေးရေးလုပ်ငန်းတစ်ခုမှ တစ်ဆင့်အခြားငွေရေးကြေးရေးလုပ်ငန်းတစ်ခု၏ အကျိုးခံစားခွင့်ရှိသူထံ အီလက်ထရောနစ်နည်းဖြင့် ငွေကြေးလွှဲပြောင်းခြင်းအားလုံးကို ဆိုသည်။

(ဗ) **ငွေရေးကြေးရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်း**ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် -

(၁) ကာဆီနိုများ၊

(၂) အိမ်ခြံမြေအကျိုးဆောင်များ၊

(၃) အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာရောင်းဝယ်သူများ၊

(၄) မိမိအမှုသည်၏ ငွေကြေးနှင့်ပစ္စည်းလွှဲပြောင်းမှု၊ လက်ခံမှုနှင့် အပ်နှံမှုများနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးသော ရှေ့နေများ၊ နိုထရီများ၊ စာရင်းကိုင်များ သို့မဟုတ် အခြားလွတ်လပ်သောဥပဒေရေးရာကျွမ်းကျင်သူများ -

(ကက) အိမ်ခြံမြေရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ခခ) အမှုသည်၏ ငွေကြေးများ၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြား ပိုင်ဆိုင်သည့် ပစ္စည်းများအား စီမံခန့်ခွဲခြင်း၊

(ဂဂ) ဘဏ်များ၊ စုငွေများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များစာရင်းကို စီမံ ခန့်ခွဲခြင်း၊

(ဃဃ) ကုမ္ပဏီများထူထောင်မှု၊ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် စီမံခန့်ခွဲမှုများအတွက် အထောက်အကူပြုဆောင်ရွက်ချက်များကို စုရုံးစီစဉ်ခြင်း၊

(ငင) တရားဝင်အသင်းအဖွဲ့များ သို့မဟုတ် အစီအစဉ်များ ထူထောင်ခြင်း၊ လုပ်ငန်း လည်ပတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်းများကို ဝယ်ယူခြင်းနှင့် ရောင်းချခြင်း။

(၅) အောက်ပါ ဝန်ဆောင်မှုလုပ်ငန်းများကို အခြားသူများအတွက် စီးပွားရေးလုပ်ငန်းတစ်ရပ် အနေဖြင့် ဆောင်ရွက်ပေးသည့် ကုမ္ပဏီများ အုပ်ထိန်းမှုအဖွဲ့နှင့် ကုမ္ပဏီဝန်ဆောင်မှု ပေးသူများ -

(ကက) တရားဝင်အသင်းအဖွဲ့များ ဖွဲ့စည်းရေးဆိုင်ရာကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(ခခ) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးအဖြစ်သော်လည်းကောင်း၊ စပ်တူလုပ်ကိုင်သူ သို့မဟုတ် အခြားတရားဝင်အသင်းအဖွဲ့တစ်ခု သို့မဟုတ် အစီအစဉ်တစ်ခုတွင် ယင်းအဆင့်နှင့်တူညီသောသူအဖြစ်သော်လည်းကောင်း ဆောင်ရွက်ခြင်း၊

(ဂဂ) ကုမ္ပဏီတစ်ခု သို့မဟုတ် အစုစပ်လုပ်ငန်းတစ်ခု သို့မဟုတ် အခြားသော တရားဝင် အသင်းအဖွဲ့ သို့မဟုတ် အစီအစဉ်တစ်ခုအတွက် မှတ်ပုံတင်ရုံး သို့မဟုတ် နေရာ ထိုင်ခင်း သို့မဟုတ် လုပ်ငန်းလိပ်စာ သို့မဟုတ် စာပေးစာယူ သို့မဟုတ် အုပ်ချုပ်မှု လိပ်စာတို့ကို တာဝန်ယူပေးခြင်း။

(၆) ယုံကြည်အပ်နှံမှုလုပ်ငန်းတစ်ခုတွင် ယုံကြည်အပ်နှံခံရသူအဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် တရားဝင်အသင်းအဖွဲ့ အစီအစဉ်တစ်မျိုးမျိုးတွင် ယင်းလုပ်ငန်းတာဝန်မျိုးနှင့် တူညီစွာ ဆောင်ရွက်ခြင်း၊

(၇) သူတစ်ဦးအတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ်ဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် သူတစ်ဦး အတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ် အခြားသူတစ်ဦးဦးက ဆောင်ရွက်ပေးစေရန် စီစဉ်ခြင်း။

(ဘ) **အုပ်စုလိုက် အကောင်အထည်ဖော်မှု**ဆိုသည်မှာ မိခင်ကုမ္ပဏီ သို့မဟုတ် အခြားသောကုမ္ပဏီ အဖွဲ့အစည်းအမျိုးအစားတစ်ရပ်ရပ်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်စပ်လျဉ်း၍ မိမိ၏ရုံးခွဲများနှင့် လက်အောက်ခံကုမ္ပဏီများအား ကြီးကြပ်မှုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငွေကြေးခဝါချမှု၊ ဤဥပဒေနှင့်သက်ဆိုင်သောပြစ်မှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတို့ကို ထိရောက်စွာအရေးယူနိုင်ရန်နှင့် ဆင့်ပွားပေါ်ပေါက်နိုင်သည့်ပြစ်မှုများကို ကာကွယ်ဟန့်တားရန်၊

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတို့မှတစ်ဆင့် နိုင်ငံတော်၏အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ရန်၊

(ဂ) နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဆောင်ရွက်ရန်၊

(ဃ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့် မူလပြစ်မှုများ တိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ခြင်း ဆောင်ရွက်၍ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အခြားသောသက်ဆိုင်သည့် အစိုးရဌာနအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ငွေကြေး ခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ်နှင့်သက်ဆိုင်သည့် ညွှန်ကြားချက် များနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်ရန်။

## အခန်း (၃)
## ဤဥပဒေနှင့်သက်ဆိုင်သည့်ပြစ်မှုများ

၅။ အောက်ပါပြစ်မှုများသည် ဤဥပဒေနှင့်သက်ဆိုင်သောပြစ်မှု ဖြစ်သည် -

(က) ဥပဒေနှင့်မညီသောလုပ်ငန်းများနှင့် ဒုစရိုက်ဂိုဏ်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်သောပြစ်မှုနှင့် သက်ဆိုင်သည့်ပြစ်မှုများ၊

(ခ) ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု အပါအဝင် လိင်ပိုင်းဆိုင်ရာအမြတ် ထုတ်မှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(ဂ) ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ထိပါးမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ (ဉာဏပစ္စည်းဆိုင်ရာ ပြစ်မှုများ)၊

(ဃ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြစ်မှုများ၊

(င) အခွန်တိမ်းရှောင်မှုနှင့် အခြားအခွန်ဆိုင်ရာမှုခင်းများနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(စ) ပင်လယ်ဓားပြမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(ဆ) သတင်းအချက်အလက်ကို ဦးစွာသိရှိနိုင်သူက မိမိသိရှိသည့် သတင်းအချက်အလက်ကို အသုံးပြု၍ မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်းသတင်းအချက်အလက်ကို သူတစ်ပါးအားပေးအပ်၍ဖြစ်စေ တရားမဝင် အကျိုးအမြတ်ရရှိရေးအတွက် ဆောင်ရွက်ခြင်းနှင့် ဈေးကွက်ထိန်းချုပ်ရန် ပြုလုပ်ခြင်းဆိုင်ရာ ပြစ်မှုများ၊

(ဇ) နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အနည်းဆုံး ထောင်ဒဏ်သုံးနှစ်နှင့်အထက် ပြစ်ဒဏ် ထိုက်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများအပေါ် ငွေကြေး ခဝါချခြင်းနှင့်စပ်ဆိုင်သောပြစ်မှုများ၊

(စျ) အခါအားလျော်စွာ နိုင်ငံတော်က ဤဥပဒေနှင့်သက်ဆိုင်သည်ဟု ပြဋ္ဌာန်းသည့်ပြစ်မှုများ၊

(ည) ပုဒ်မခွဲ (က) မှ (ဈ) ပါ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန်အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မှုဖြင့်သော်လည်းကောင်း၊ ပျက်ကွက်မှုဖြင့်သော်လည်းကောင်း ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်ခြင်းဆိုင်ရာပြစ်မှု။

## အခန်း (၄)

## ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို အဖွဲ့ဝင်ဦးရေ အများဆုံး (၁၅) ဦးဖြင့် ဖွဲ့စည်းရမည်။ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ဝန်ထမ်းများထဲမှဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းမဟုတ်သူများထဲမှဖြစ်စေ သင့်လျော်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်၍ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည်။

၇။ ဗဟိုအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ ချမှတ်ခြင်း၊ ယင်းမူဝါဒနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနများ၊ အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းအရေးယူဆောင်ရွက်ခြင်း၊

( ခ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊

( ဂ ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်အန္တရာယ် အကဲဖြတ်ခြင်း ဆောင်ရွက်၍ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများ၊ သတင်းပို့အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အန္တရာယ်အခြေပြုချဉ်းကပ်မှုနည်းလမ်းများ အသုံးပြုလျက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ်တစ်ရပ်လုံးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊

(ဃ) ပုဒ်မခွဲ (က) နှင့် (ခ) အရ ချမှတ်ထားသည့် အမျိုးသားမူဝါဒ၊ မဟာဗျူဟာများ အကောင်အထည်ဖော်ဆောင်မှုနှင့် ပုဒ်မခွဲ (ဂ) အရ အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ခြင်း ဆောင်ရွက်မှုကိုလည်းကောင်း၊ သတင်းပို့အဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် အခြားဆက်စပ်အဖွဲ့အစည်းများ၏ သတင်းပို့ခြင်းဆိုင်ရာလိုအပ်ချက်တို့ကိုလည်းကောင်း စောင့်ကြည့်စစ်ဆေးခြင်း၊

( င ) သတင်းပို့အဖွဲ့အစည်းများ လိုက်နာရန် အောက်ပါအချက်များကို သတ်မှတ်ပြဋ္ဌာန်းသည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း -

(၁) ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် အန္တရာယ်အဆင့်မြင့်မားသည့် အခြေအနေမျိုးတွင် ဖောက်သည်အပေါ် တိုးမြှင့်အလေးထား စိစစ်ခြင်း လုပ်ငန်းစဉ်များ၊

(၂) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ပြီးနောက် သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ် ဆောင်ရွက်ပြီးနောက် ဖောက်သည်အပေါ် အတည်ပြုစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ။

( စ ) ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ ဖလှယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ငွေကြေးခဝါချ၍ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်း မပြုနိုင်စေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအား လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံတော်၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် သတင်းပို့အဖွဲ့အစည်းများကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် တားဆီးနှိမ်နင်းရေးကဏ္ဍတို့မှ ပြည်သူ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းစဉ်မူဝါဒ ချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ဈ) မိမိအဖွဲ့၏ ဆောင်ရွက်ချက်အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

၈။ ဗဟိုအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုအန္တရာယ် ဖော်ထုတ်အကဲဖြတ်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ဖော်ထုတ်အကဲဖြတ်မှု၏ နောက်ဆုံးရလဒ်များကို ထိန်းသိမ်းခြင်း၊ ယင်းရလဒ်များအနက် သင့်လျော်သည့်သတင်းအချက်အလက်များကို သက်ဆိုင်ရာအာဏာပိုင်များ၊ သတင်းပို့အဖွဲ့အစည်းများအား အသိပေးဖြန့်ဝေခြင်းနှင့် ယင်းတို့ရရှိသည့် အချက်အလက်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သို့ သတင်းပို့စေခြင်း၊

(ခ) သတင်းပို့ရမည့် ငွေကြေးနှင့်ပစ္စည်းများ၏တန်ဖိုးပမာဏကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဂ) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများထံသို့ စိစစ်ရေးအဖွဲ့က ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခြင်း၊ ငွေရေးကြေးရေးဆိုင်ရာမှတ်တမ်းများ စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခြင်းများ ဆောင်ရွက်ခွင့်ပြုနိုင်ရန် အမိန့်ထုတ်ဆင့်ခြင်း၊

(ဃ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ငွေကြေးနှင့်ပစ္စည်းများကို ဤဥပဒေအရ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းမပြုရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား တားမြစ်မိန့်ထုတ်ဆင့်ခြင်း၊ ချိပ်ပိတ်ထားရန် ညွှန်ကြားခြင်း၊

(င) ပုဒ်မခွဲ (ဂ) အရ ထုတ်ဆင့်သည့် အမိန့်ကိုလည်းကောင်း၊ ပုဒ်မခွဲ (ဃ) အရ ထုတ်ဆင့်သည့် တားမြစ်မိန့်နှင့် ချိပ်ပိတ်ထားရန် ညွှန်ကြားချက်တို့ကိုလည်းကောင်း ရုပ်သိမ်းခြင်း၊

(စ) ငွေကြေးခဝါချမှုပြုလုပ်ရာမှရရှိသော ငွေကြေး သို့မဟုတ် ပစ္စည်းများနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့အား တာဝန်ပေးအပ်ခြင်း၊

(ဆ) သက်သေခံအဖြစ် သိမ်းဆည်းထားသောပစ္စည်းကို ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ရန် ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်းနှင့် ယင်းခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဇ) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ သို့မဟုတ် အသုံးပြုပစ္စည်းများနှင့် စပ်လျဉ်း၍ သတင်းပေးသူအား လိုအပ်သော အကာအကွယ်ပေးခြင်းနှင့် ထိုက်သင့်သည့် ဆုငွေချီးမြှင့်ခြင်း၊

(ဈ) ဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် ကျွမ်းကျင်သူများ ပါဝင်သော ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊

(ည) ပုဒ်မ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁ နှင့် ၅၂ တို့အရ တရားရုံးက ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အောက်ပါ သတ်မှတ်ပြဋ္ဌာန်းထားသည့် စီမံခန့်ခွဲမှုဆိုင်ရာ ပြစ်ဒဏ်များအနက် အရေးယူသင့်သည့် ပြစ်ဒဏ်များ ချမှတ်အရေးယူရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာန၊ သို့မဟုတ် ကော်မရှင် သို့မဟုတ် အဖွဲ့အစည်းထံသို့ ဆက်သွယ်ညှိနှိုင်း အကြောင်းကြားခြင်း -

(၁) စီးပွားရေးလုပ်ငန်း ရပ်ဆိုင်းစေခြင်းနှင့် အဆိုပါကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေး လုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းခြင်း၊

(၂) မည်သည့်လုပ်ငန်း ဆောင်ရွက်မှုတစ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်မှုအများကိုဖြစ်စေ နှစ်နှစ်ထက်မပိုသည့်ကာလအတွင်း ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ခြင်း၊

(၃) ကုမ္ပဏီအဖွဲ့အစည်း၏လုပ်ငန်းခွဲကို ငါးနှစ်ထက်မပိုသည့်ကာလ သတ်မှတ်၍ ပိတ်သိမ်းခြင်း၊

(၄) ဤဥပဒေပါပြစ်မှုများကို ကျူးလွန်ခြင်းနှင့်ဆက်နွယ်သည့် အဆောက်အအုံကို ငါးနှစ်ထက် မပိုသည့်ကာလအထိ အသုံးမပြုရန် တားမြစ်ခြင်း၊

(၅) တစ်နှစ်ထက်မပိုသည့်ကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ ဗဟို အဖွဲ့၏ ကြီးကြပ်မှုအောက်တွင် ထားရှိခြင်း၊

(၆) ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆိုင်းငံ့ခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် လိုင်စင်ရုပ်သိမ်းစေခြင်းနှင့် ဆက်လက်လုပ်ဆောင်မှုကို တားမြစ်ခြင်း။

(ဋ) ပုဒ်မခွဲ (ည) ပါ ပြစ်ဒဏ်သတ်မှတ်ချက်များကို စာပေစာနယ်ဇင်းများ၊ ရေဒီယို၊ ရုပ်မြင်သံကြားများမှ တစ်ဆင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းတစ်ခုခုဖြင့်ဖြစ်စေ အများပြည်သူသို့ ထုတ်ပြန်ကြေညာအသိပေးခြင်း။

## အခန်း (၅)

## ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၉။ ဗဟိုအဖွဲ့သည် -

(က) သတင်းပို့ချက်များကိုလည်းကောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများနှင့်ဆက်နွယ်သည့် အခြားသောသတင်းအချက်အလက်များကိုလည်းကောင်း လက်ခံခြင်း၊ တောင်းဆိုခြင်း၊ စိစစ်ခြင်းနှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့်သော် လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သောပြစ်မှုတစ်ရပ်ရပ်နှင့်သော်လည်းကောင်း ဆက်နွယ် သည်ဟု သံသယရှိသည့်အခါ စိစစ်တွေ့ရှိချက်ရလဒ်နှင့် အခြားသက်ဆိုင်သည့် သတင်းအချက် အလက်များကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံသို့ ဆောလျင်စွာ ပေးအပ်ခြင်း၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်နှင့်အညီ ပေးအပ် ခြင်းများ လွတ်လပ်စွာဆောင်ရွက်နိုင်သော ဗဟိုအဖွဲ့အစည်းတစ်ရပ်အဖြစ် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့အတွက် ဘဏ္ဍာငွေ ခွဲဝေသတ်မှတ်ချက်ကို သီးခြားသတ်မှတ်ပေးရမည်။

(ဂ) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၏ ဖွဲ့စည်းမှု၊ လုပ်ငန်းလည်ပတ်မှုနှင့် အရင်းအမြစ်များကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေဖြင့် ပြဋ္ဌာန်းဆောင်ရွက်ရမည်။

၁၀။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သည် -

(က) သတင်းပို့အဖွဲ့အစည်းများက လိုက်နာအသုံးပြုဆောင်ရွက်ရမည့် သတင်းပို့ချက်သတ်မှတ်ပုံစံများ၊ သတင်းပို့ချက်တွင် ပါဝင်ရမည့် အချက်များ၊ သတင်းပေးပို့ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် သတင်းပို့ခြင်းဆိုင်ရာနည်းလမ်းများကို အခါအားလျော်စွာ ထုတ်ပြန်ရမည်။

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု သို့မဟုတ် ပုဒ်မ ၅ တွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သည်ဟု သံသယရှိလျှင် စိစစ်ချက်ရလဒ် သို့မဟုတ် အခြားသော သက်ဆိုင်ရာသတင်းအချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံသို့ ဆောလျင်စွာပေးအပ်ခြင်း၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်နှင့်အညီ ပေးအပ်ခြင်းပြုနိုင်သည်။

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု၏ အလားအလာများ၊ စောင့်ကြည့်အကဲဖြတ်မှုရလဒ်များနှင့် ယင်းပြစ်မှုနှင့်ဆက်စပ်သည့်ပုံစံများ၊ ဦးတည်ရာများ၊ အန္တရာယ်ရှိမှုများနှင့်စပ်လျဉ်း၍ လေ့လာရရှိသည့် သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများကို စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဖြန့်ဝေခြင်းပြုရမည်။

(ဃ) ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်သည့် ပြည်တွင်းမှ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းတို့ ပြုရမည်။

(င) ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများအား အသိပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် လိုအပ်သော အကူအညီအထောက်အပံ့ပေးခြင်းတို့ ပြုရမည်။

(စ) မိမိ၏လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော သတင်းအချက်အလက်အသစ်များကို သက်ဆိုင်ရာသတင်းပို့အဖွဲ့အစည်းများက သတ်မှတ်သည့်ပုံစံဖြင့် ပေးပို့ရန်ကာလသတ်မှတ်၍ တောင်းခံနိုင်သည်။

(ဆ) သတင်းပို့အဖွဲ့အစည်းများ၊ အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများနှင့် အခြားအစိုးရဌာန၊ အဖွဲ့အစည်းများက ရရှိထိန်းသိမ်းထားသည့် မည်သည့်သတင်းပို့ချက် သို့မဟုတ် အချက်အလက်များကိုမဆို ရယူသုံးစွဲခွင့်ရှိသည်။

(ဇ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ဈ) ပြည်ပမိတ်ဖက်အဖွဲ့အစည်းနှင့် သဘောတူညီချက် သို့မဟုတ် စီစဉ်ဆောင်ရွက်မှု ပြုလုပ်ခွင့်ရှိသည်။ သဘောတူညီချက်မရှိသည့် အခြေအနေတွင် စည်းမျဉ်းသတ်မှတ်ချက်ကို အခြေခံ၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုပြုနိုင်သည်။

(ည) တည်ဆဲဥပဒေတစ်ရပ်ရပ်က အပ်နှင်းသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၁။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သည် -

(က) မိမိအဖွဲ့အစည်းနှင့်အလားတူ လုပ်ငန်းတာဝန်ရှိပြီး လျှို့ဝှက်ချက်ထိန်းသိမ်းရန် တာဝန်ရှိသော ပြည်တွင်း၊ ပြည်ပ အာဏာပိုင်အဖွဲ့အစည်းများနှင့် မိမိဆန္ဒအလျောက်ဖြစ်စေ၊ တောင်းဆိုချက်အရဖြစ်စေ သတင်းအချက်အလက်များဖလှယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဖလှယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းပြုသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို ပြည်ပမိတ်ဖက်အဖွဲ့အစည်းများအား အောက်ပါနည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် အကြောင်းကြားရမည် -

(၁) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့က အသုံးပြုသည့် ရည်ရွယ်ချက်နှင့် အသုံးပြုပုံအတိုင်းသာ အသုံးပြုစေခြင်း၊

(၂) ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှု သို့မဟုတ် ပုဒ်မ ၅ ပါ ပြစ်မှုများတိုက်ဖျက်ရေးအတွက် အသုံးပြုစေခြင်း၊

(၃) အခြားကိစ္စတစ်ရပ်ရပ်အတွက် အသုံးပြုရန်ရည်ရွယ်ပါက ယင်းသတင်းအချက်အလက်ကိုပေးအပ်သည့် အဖွဲ့အစည်း၏သဘောတူခွင့်ပြုချက် ရယူစေခြင်း။

(ဂ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သည် ပြည်ပမိတ်ဖက်အဖွဲ့အစည်းထံမှ လက်ခံရရှိသည့် အကူအညီတောင်းခံမှုကို အခြေခံကာ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဆ) တွင် ရည်ညွှန်းထားသည့်သတင်းအချက်အလက်များကိုရယူနိုင်သည့်ပြင် ပြည်တွင်းကိစ္စရပ်များအတွက် အပ်နှင်းထားသောလုပ်ပိုင်ခွင့်များနှင့်အညီ အကူအညီတောင်းခံမှုကို အထောက်အကူဖြစ်စေမည့် အခြားသောအရေးယူဆောင်ရွက်ချက်များကို ပြုလုပ်နိုင်သည်။

၁၂။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ လက်ခံရရှိသည့်သတင်းပို့ချက်များနှင့် သတင်းအချက်အလက်များကိုလည်းကောင်း၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုများဆိုင်ရာသတင်းအချက်အလက်များကိုလည်းကောင်း လက်ခံ၍ စိစစ်သုံးသပ်ပြီးနောက် တွေ့ရှိချက်များအရ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု သို့မဟုတ် ပုဒ်မ ၅ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိပါက စိစစ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

## အခန်း (၆)

## စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၁၃။ စိစစ်ရေးအဖွဲ့သည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှု၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ၊ အကြမ်းဖက်သမားတို့၏ ပိုင်ဆိုင်မှုများနှင့်စပ်လျဉ်း၍ စိစစ်ခြင်းနှင့် ယင်းငွေကြေးနှင့်ပစ္စည်းများအား နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းဆိုင်ရာကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ငွေကြေးခဝါချရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းများ သို့မဟုတ် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့သူတို့၏ ပိုင်ဆိုင်မှုများကို ဖော်ထုတ်ခြင်း၊ ခြေရာကောက်ခြင်းနှင့် ရှာဖွေခြင်း၊

(ခ) တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ သို့မဟုတ် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့သူတို့၏ ပိုင်ဆိုင်မှုများကို ရှာဖွေခြင်း၊ တားဆီးခြင်း၊ ထိန်းချုပ်ခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ သိမ်းဆည်းထားသောပစ္စည်းများအား အာမခံဖြင့် ပြန်လည်ပေးအပ်ထားရှိခြင်း၊

(ဂ) ခံဝန်ချုပ် ပြုလုပ်ခြင်း၊

(ဃ) စိစစ်သည့်ကာလအတွင်း အဆိုပါငွေကြေးနှင့်ပစ္စည်းများအား ချိပ်ပိတ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် ရောင်းဝယ်မှုမပြုလုပ်ရန် တားမြစ်ခြင်း၊

(င) သတင်းပို့အဖွဲ့အစည်းများ၏ ငွေကြေးဆိုင်ရာ သို့မဟုတ် အခြားသောမှတ်တမ်းများအား ထုတ်ပေးရန် တောင်းဆိုခြင်းနှင့်ဖတ်ရှုခြင်း၊

(စ) စိစစ်ခြင်းခံရသူထံမှဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးထံမှဖြစ်စေ၊ အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ ဖြစ်စေ၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှဖြစ်စေ လိုအပ်သောအထောက်အထား များကို တောင်းယူစစ်ဆေးခြင်း၊

(ဆ) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများမှ ဆင်းသက်လာပြီး အခြားသူ၏ အမည်ခံထားသောအဆောက်အအုံ၊ မြေနှင့်လုပ်ငန်းနေရာတစ်ခုခုကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း။

၁၄။ ပုဒ်မ (၁၃) တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များ သို့မဟုတ် အခြားသောသက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၁၅။ စိစစ်သည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။

## အခန်း (၇)
## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၁၆။ ဗဟိုအဖွဲ့သည် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှ တင်ပြလာသည့် စိစစ်ချက် အစီရင်ခံစာအရ ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်ရေးအတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဒုတိယဝန်ကြီးတစ်ဦး သို့မဟုတ် ဗဟိုအဖွဲ့ဝင်တစ်ဦးဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေပြီး အနည်းဆုံး အဖွဲ့ဝင် (၃) ဦးဖြင့် ဖွဲ့စည်းရမည်။

၁၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) စိစစ်ရေးအဖွဲ့၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ လိုအပ်သည့်ပုဂ္ဂိုလ်များကို ဆင့်ဆိုစစ်ဆေး၍ လိုအပ်သည့် သက်သေခံချက်များ ရယူနိုင်သည်။

(ခ) စိစစ်ရေးအဖွဲ့၏အစီရင်ခံစာနှင့် ထပ်မံရယူသည့် သက်သေခံချက်များကို သုံးသပ်ပြီး မိမိ၏စုံစမ်း စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ဂ) စုံစမ်းစစ်ဆေးသည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။

## အခန်း (၈)
## ကြိုတင်ကာကွယ်ရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် သတင်းပို့ရန်တာဝန်

၁၈။ သတင်းပို့အဖွဲ့အစည်းများသည် ပုဒ်မ ၈၊ ပုဒ်မခွဲ (က) နှင့်အညီ ဗဟိုအဖွဲ့က ပေးအပ်သည့် သတင်း အချက်အလက်များအရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုအန္တရာယ် အကဲဖြတ်ခြင်း ဆောင်ရွက်ရမည်။ အန္တရာယ်အကဲဖြတ်ချက်များ၊ ထင်ရှားသည့် မည်သည့်သက်သေခံအထောက်အထားနှင့် သတင်းများကိုမဆို စာဖြင့်ရေးသားမှတ်တမ်းတင်ရမည်ဖြစ်ပြီး ယင်းမှတ်တမ်းသည် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီရမည့်ပြင် သက်ဆိုင်ရာအာဏာပိုင်များက အဆင်သင့်ရယူအသုံးပြုနိုင်ရမည်။

၁၉။ သတင်းပို့အဖွဲ့အစည်းများသည် -

(က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သည့် ငွေစာရင်းများ၊ ဖောက်သည်များနှင့်ပတ်သက်၍ ဤဥပဒေ အရ ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့် အန္တရာယ်ရှိမှုအပေါ်အခြေပြု၍ သင့်လျော်သည့်အချိန်တွင် ဆောင်ရွက်ရမည်။

ပုဒ်မ ၇ (ဂ) အရ အန္တရာယ်အကဲဖြတ်ခြင်းဆိုင်ရာရလဒ်များနှင့် ပုဒ်မ ၈၊ ပုဒ်မခွဲ (က) အရ ဗဟိုအဖွဲ့က ပေးအပ်သည့် သတင်းအချက်အလက်များရရှိပါက ဖောက်သည်အပေါ် အလေးထား စိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည် -

(၁) ငွေကြေးခဝါချမှုအန္တရာယ်သည် အကဲဖြတ်ချက်အရ အဆင့်မြင့်သည်ဟု ဖော်ထုတ်ရရှိသည့် အခါ ယင်းသို့ဖော်ထုတ်ရရှိသည့် အန္တရာယ်အဆင့်နှင့်အညီ ဖောက်သည်အပေါ် အလေးထား စိစစ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် အခြားသောဆောင်ရွက်မှုများသည် ပုံမှန် ဟုတ် မဟုတ်ကိုလည်းကောင်း၊ သံသယ ဖြစ်ဖွယ် ရှိ မရှိကိုလည်းကောင်း ဆုံးဖြတ်ခြင်း၊

(၂) ငွေကြေးခဝါချမှုအန္တရာယ်သည် အကဲဖြတ်ချက်အရ အဆင့်နိမ့်သည်ဟု ဖော်ထုတ်ရရှိသည့် အခါ ယင်းသို့ဖော်ထုတ်ရရှိသည့် အန္တရာယ်၏သဘောသဘာဝနှင့်အညီ ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာဆောင်ရွက်ချက်များကို ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက် နိုင်ခြင်း၊

(၃) ပုဒ်မခွဲငယ် (၂) အရ ရှင်းလင်းလွယ်ကူသည့် ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်း ဆိုင်ရာဆောင်ရွက်ချက်များကို ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုဟု သံသယရှိသည့်အခါ၌ဖြစ်စေ အန္တရာယ်အဆင့်မြင့်သည့်ကိစ္စရပ်၌ဖြစ်စေ အသုံးပြုခြင်းမှ ရပ်စဲခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များကို အောက်ပါ အခြေအနေများတွင် ဆောင်ရွက်ရမည် -

(၁) ဖောက်သည်တစ်ဦးအတွက် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်မပြုလုပ်ပေးမီ သို့မဟုတ် ငွေစာရင်း တစ်ခုဖွင့်လှစ်ပေးခြင်းမပြုမီ၊

(၂) သတင်းပို့အဖွဲ့အစည်းနှင့် စီးပွားရေးဆက်ဆံမှု ထူထောင်ထားခြင်းမရှိသည့် ဖောက်သည် တစ်ဦးနှင့်ပတ်သက်သည့် လွှဲပြောင်းဆောင်ရွက်မှုသည် တစ်ကြိမ်တည်းဖြစ်စေ ဆက်နွယ်မှု ရှိသော အကြိမ်အရေအတွက်များစွာဖြင့်ဖြစ်စေ သတင်းပို့ရန် သတ်မှတ်သည့်ပမာဏ သို့မဟုတ် ယင်းထက်ပိုသောပမာဏဖြစ်သည့်အခါ အဆိုပါဖောက်သည်အတွက် လွှဲပြောင်း ဆောင်ရွက်မှုကို ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၃) ပြည်တွင်းနှင့် နိုင်ငံတကာကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေး လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ်ကို ဖောက်သည်အတွက် ဆောင်ရွက်ပေးခြင်းမပြုမီ၊

(၄) ယခင်ရရှိထားသည့် ဖောက်သည်ဆိုင်ရာအချက်အလက်များသည် မှန်ကန်မှု သို့မဟုတ် ပြည့်စုံမှုမရှိဟု သံသယရှိသည့်အခါတိုင်း၊

(၅) ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့်ဆက်စပ်သည်ဟု သံသယရှိသည့် အခါတိုင်း။

(ဂ) ပုဒ်မခွဲ (ခ) တွင် ရည်ညွှန်းထားသည့် ဆက်နွယ်မှုရှိသော လွှဲပြောင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လွှဲပြောင်းဆောင်ရွက်မှုပြုသည့်ပမာဏကို လုပ်ငန်းဆောင်ရွက်ချိန်တွင် မသိရှိပါက အဆိုပါ ပမာဏကို သိရှိလျှင် သိရှိချင်း သို့မဟုတ် အဆိုပါပမာဏသည် သတ်မှတ်ပမာဏသို့ ရောက်ရှိလျှင် ရောက်ရှိချင်း ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုဖော်ထုတ်ခြင်းကို ဆောင်ရွက်ရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

[ ယခင်အပတ် ချင်းပြည်နယ် ပြည်တွင်းကုန်တင်ကုန်ချအလုပ်သမားများဥပဒေအမှတ် ၈ မှအဆက် ]

၂၀။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် သက်သာချောင်ချိရေးရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ကရုဏာကြေးနှုန်းများ သတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေး စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

၂၁။ ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် သက်သာချောင်ချိရေးရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေး စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၈)

## လုပ်သားအင်အားဖွဲ့စည်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၂၂။ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းပမာဏများနှင့် လုပ်ငန်းလုပ်ကွက်များကို အခြေခံ၍ အတင်အချလုပ်ငန်းများကို နိုင်နင်းစွာဆောင်ရွက်နိုင်ရန်၊ လုပ်သားများ၏လုပ်အားကို မျှတစေရန်၊ အလုပ်သမားတစ်ဦးစီ၏ လုပ်ခဝင်ငွေများ လျော့နည်းမကျဆင်းစေရန်အတွက် မြို့နယ်အလိုက် ရှိသင့်သည့် အနည်းဆုံးလုပ်သားအင်အားနှင့် အများဆုံး လုပ်သားအင်အားသတ်မှတ်ချက်များကို ပြည်နယ်ကုန်တင်ကုန်ချ ကော်မတီရုံးသည် ပြည်နယ်ကုန်တင်ကုန်ချကော်မတီသို့ အတည်ပြုတင်ပြဆောင်ရွက်ရမည်။

၂၃။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် မိမိမြို့နယ်၏ အနည်းဆုံးလုပ်သားအင်အားနှင့် အများဆုံးလုပ်သားအင်အား သတ်မှတ်ချက်များမှာ လုပ်ငန်းအခြေအနေနှင့် လိုက်လျောညီထွေရှိစေရေး အတွက် (၁) နှစ် တစ်ကြိမ် စိစစ်သုံးသပ်၍ ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြရမည်။ အင်အား သတ်မှတ်ချက် ပြောင်းလဲရန် လိုအပ်လာပါက အကျိုးကြောင်းခိုင်လုံစွာဖြင့် မြို့နယ်ကုန်တင်ကုန်ချ ကော်မတီ၏ဆုံးဖြတ်ချက် ရယူကာ ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ပြင်ဆင်အတည်ပြုချက် ရယူရမည်။

၂၄။ ကုန်တင်ကုန်ချလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး အတွက် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး၏ တာဝန်ခံ (သို့မဟုတ်) ဦးစီးအရာရှိနှင့် လုပ်ငန်းခွင်တာဝန်ရှိသူ အဆင့်ဆင့်မှ နေ့စဉ် အနီးကပ်ကြီးကြပ်ကွပ်ကဲရမည်။

## အခန်း (၉)

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး

၂၅။ လုပ်သားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလုပ်သမားတစ်ဦး၏အင်အားကို မထိခိုက်စေရန် ILO Covention 127 အရ Recommendation 128 တွင် သတ်မှတ်ထားသည့် အောက်ဖော်ပြပါ အလေးချိန်အတိုင်း ဆောင်ရွက်စေ ရမည် -

(က) ပေါင်အလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၁၂၁) ပေါင်ထက် မကျော်လွန်စေရ။

(ခ) ပိဿာအလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၃၃.၆) ပိဿာထက် မကျော်လွန် စေရ။

(ဂ) ကီလိုအလေးချိန်ဖြင့် တွက်ချက်သော ကုန်ပစ္စည်းဖြစ်ပါက (၅၅) ကီလိုထက် မကျော်လွန်စေရ။

၂၆။ အထက်ဖော်ပြပါ အလေးချိန်များထက်ကျော်လွန်သော ကုန်ပစ္စည်းများ ဆောင်ရွက်ရပါက အလုပ်သမားများ ဝန်မပိစေရေးအတွက် ကုန်ပစ္စည်း၏အလေးချိန်၊ အရွယ်ပမာဏကို သုံးသပ်၍ အလုပ်သမားနှစ်ဦး (သို့မဟုတ်) လိုအပ်သည့် အလုပ်သမားဦးရေဖြင့် ထမ်းပိုးဆောင်ရွက်စေရမည်။

၂၇။ စက်ပစ္စည်းများ၊ ပေကျံကုန်ပစ္စည်းများ၊ မီးလောင်ပေါက်ကွဲလွယ်သော ကုန်ပစ္စည်းများအား အတင်အချလုပ်ငန်းများ ဆောင်ရွက်ရပါက စနစ်တကျကြီးကြပ်ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## လုပ်ခနှုန်းထားများ သတ်မှတ်ခြင်း

၂၈။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများမှ ဆောင်ရွက်လျက်ရှိသော လုပ်ခနှုန်းထားများသည် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများက အတည်ပြုထားသော လုပ်ခနှုန်းထားများသာ ဖြစ်ရမည်။

၂၉။ သတ်မှတ်အတည်ပြုထားသော လုပ်ခနှုန်းထားများသည် ဒေသန္တရကာလနှင့် လျော်ညီစေရန် တိုးမြှင့် ပြင်ဆင်သတ်မှတ်ရန် လိုအပ်ပါက (၁) နှစ် တစ်ကြိမ် ပြင်ဆင်သတ်မှတ်နိုင်သည်။

၃၀။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများက အတည်ပြုပြင်ဆင်သတ်မှတ်ထားသည့် လုပ်ခနှုန်းထားများကို စနစ်တကျပြုစု၍ အတည်ပြုစာနှင့်အတူ ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြအစီရင်ခံရမည်။

## အခန်း (၁၁)
## အလုပ်သမားသက်သာချောင်ချိရေးလုပ်ငန်းများနှင့် လုပ်ငန်းခွင်သာယာရေးဆောင်ရွက်ခြင်း

၃၁။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးရှိ ကော်မတီခန့်လခစား/ဝေစုစားဝန်ထမ်းနှင့် အလုပ်သမား များ၏ သက်သာချောင်ချိရေးအကျိုးခံစားခွင့်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ငွေလက်ငင်းအကျိုးခံစားခွင့်တွင် မကျန်းမာမှုဆိုင်ရာခံစားခွင့်၊ အလုပ်ခွင် ထိခိုက်မှုခံစားခွင့်၊ သက်ကြီးရွယ်အိုခံစားခွင့်၊ မသန်စွမ်းမှုဆိုင်ရာခံစားခွင့်၊ အလုပ်မှ နုတ်ထွက်မှုဆိုင်ရာခံစားခွင့်၊ သေဆုံးမှုဆိုင်ရာခံစားခွင့်၊ မီးဖွားမှုဆိုင်ရာခံစားခွင့်၊ ပညာရေးဆိုင်ရာခံစားခွင့်များကို ခံစားစေ ရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်သော မြို့နယ်ဖြစ်ပါက ထိုအလုပ်သမားသည် လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့် ရှိစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးမဝင်သော အလုပ်သမားဖြစ်ပါက မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိ ရမည်။

(ခ) လုပ်ငန်းခွင်အတွင်း သက်သာချောင်ချိရေးခံစားခွင့်ရရှိစေရန် လိုအပ်သော လုပ်ငန်းခွင်သုံး ကိရိယာများ စီစဉ်ထားရှိခြင်း၊ သန့်ရှင်းစင်ကြယ်သော သောက်သုံးရေများ လုံလောက်စွာ ထားရှိခြင်း၊ ရှေးဦးသူနာပြုသေတ္တာနှင့် လိုအပ်သော ဆေးဝါးများ စီစဉ်ထားရှိခြင်း၊ တူညီဝတ်စုံများ ထုတ်ပေးခြင်းများကို ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းခွင်ပြင်ပ သက်သာချောင်ချိရေးခံစားခွင့်များ ရရှိစေရန် အလုပ်သမားများ အားလပ်ချိန် တွင် နားနေနိုင်ရန် အလုပ်သမားရိပ်သာများ ဆောက်လုပ်ပေးခြင်း၊ ကွပ်ပျစ်/ဖယောင်းပုဆိုး/ သန့်စင်ခန်း/ရေချိုးခန်းများ လုံလောက်စွာ စီစဉ်ပေးခြင်း၊ ဗဟုသုတတိုးပွားစေရန် TV/DVD ပြစက်၊ ဂြိုဟ်တုရုပ်သံဖမ်းစက်များ စီစဉ်ထားရှိခြင်း၊ စာကြည့်တိုက်/စာဖတ်ခန်းများ စီစဉ် ထားရှိခြင်းတို့ကို ပြည်နယ်ကုန်တင်ကုန်ချကော်မတီရုံးသို့ တင်ပြ၍ ဆောင်ရွက်ရမည်။

## အခန်း (၁၂)
## လုပ်ငန်းခွင်စည်းကမ်းသတ်မှတ်ခြင်းနှင့် အရေးယူခြင်း

၃၂။ ကုန်တင်ကုန်ချလုပ်ငန်းသဘောသဘာဝအရ အလုပ်ချိန်တိတိကျကျ သတ်မှတ်ရန် မဖြစ်နိုင် သော်လည်း မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် မိမိမြို့နယ်၏ လုပ်ငန်းသဘာဝနှင့်ကိုက်ညီသော

အလုပ်သမားဂိုဏ်းချုပ်ချိန်နှင့် ဂိုဏ်းသိမ်းချိန်များကို မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ ဆုံးဖြတ်ချက်များဖြင့် သတ်မှတ်ထားရှိရမည်။

၃၃။ အလုပ်သမား လုပ်ငန်းခွင်တွင် စည်းကမ်းတကျရှိစေရန် အလုပ်မဆင်းနိုင်သည့် အလုပ်သမားများအတွက် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ခွင့်ခံစားနိုင်ရန် ခွင့်ရက်များကို စိစစ် သတ်မှတ်ပေးရမည်။

၃၄။ ကုန်တင်ကုန်ချလုပ်ငန်း ဆောင်ရွက်နေစဉ် အလုပ်ခွင်စည်းကမ်းဖောက်ဖျက်သည့် တာဝန်ပျက်ကွက်ခြင်း၊ ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးစေခြင်း၊ ကုန်ပစ္စည်းခိုးယူခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်သောက်စားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ လူစားထိုးခိုင်းစေခြင်း၊ သတ်မှတ်လုပ်ခထက်ပိုတောင်းခြင်းနှင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၃)
## ပြစ်ဒဏ်များ

၃၅။ မည်သည့်အလုပ်ရှင် (သို့မဟုတ်) အလုပ်သမားမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပြဋ္ဌာန်းချက်တစ်ခုခု ကိုသော်လည်းကောင်း၊ စည်းကမ်းချက်တစ်ခုခုကိုသော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်လျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

## အခန်း (၁၄)
## အထွေထွေ

၃၆။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းကိုမဆို ပြည်နယ်ကုန်တင်ကုန်ချကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် လွှဲအပ်တာဝန်ပေးခြင်းခံရသူသည် သက်ဆိုင်ရာမြို့နယ်တရားရုံးတွင် တရားစွဲဆိုခွင့်ရှိသည်။

၃၇။ ယခင် မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးများသည် ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီများထံ လုပ်ငန်းနှင့်လုပ်ပိုင်ခွင့်အရပ်ရပ်ကို အစိုးရအဖွဲ့မှ တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းတစ်ခု၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်စေရမည်။

၃၈။ ၂၀၁၂ ခုနှစ်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်အရ ယခင် ၁၉၄၇ ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းနှင့် ဆောင်ရွက်မှုများဆိုင်ရာဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဟုန်းငိုင်း၊
ဝန်ကြီးချုပ်၊
ချင်းပြည်နယ်အစိုးရအဖွဲ့။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### လွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် )

၁။ လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော ပညာရေးဝန်ကြီးဌာနမှ လက်ထောက်ကထိက ဒေါ်စုစုခိုင်အား လစာနှုန်းတူ ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာတွင် အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ဦးစီးအရာရှိ ဒေါ်စုစုခိုင်အား လွှတ်တော်စာကြည့်တိုက်တွင် တာဝန်ချထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

လွှတ်တော်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၃) ကို ရည်ညွှန်း၍ ဒေါ်စုစုခိုင်သည် လွှတ်တော်စာကြည့်တိုက်တွင် ဦးစီးအရာရှိ၏ တာဝန်ဝတ္တရားများကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ အောက်ပါ ဒုတိယဦးစီးမှူး (၃၇) ဦးတို့အား ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဒေါ်ထားကလျာရွှင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၂။ | ဒေါ်သိန်းသိန်းထူး | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၃။ | ဒေါ်စန်းစန်းငွေ | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၄။ | ဒေါ်မာလာဝင်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၅။ | ဦးတင်ဦး | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၆။ | ဒေါ်ဝင်းဝင်းခိုင် (၂) | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၇။ | ဒေါ်သန်းသန်းငွေ | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၈။ | ဒေါ်နီနီဝင်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၉။ | ဒေါ်နန်းမြအေး | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၁၀။ | ဦးအေးဝင်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၁၁။ | ဒေါ်ခင်ထားနွယ် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၁၂။ | ဒေါ်သန်းသန်းဆင့် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၁၃။ | ဒေါ်ဖြူဝင်းမျိုး | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၁၄။ | ဒေါ်ခင်မျိုးညွန့် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၁၅။ | ဒေါ်ညိုနွဲ့ | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၁၆။ | ဒေါ်ကြည်ကြည်စိန် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၁၇။ | ဦးကျော်မင်းဦး | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၁၈။ | ဦးစိုးမင်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၁၉။ | ဒေါ်ဝင်းဝင်းခိုင် (၁) | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၂၀။ | ဒေါ်အိအိခင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၂၁။ | ဒေါ်သက်နွယ်ထွေး | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၂၂။ | ဒေါ်ဥမ္မာ | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၂၃။ | ဒေါ်ဇင်မာလင်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၂၄။ | ဒေါ်တင်ညွန့်ဝေ | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၂၅။ | ဒေါ်ဆွေနွယ်ဝင်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၂၆။ | ဒေါ်သန်းသန်းလှိုင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၂၇။ | ဒေါ်ခင်အိအိဆွေ | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၂၈။ | ဒေါ်ငြိမ်းငြိမ်းအေး | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၂၉။ | ဒေါ်နိုင်နိုင်ဝင်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၃၀။ | ဒေါ်ဝေဝေလှိုင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၃၁။ | ဒေါ်အေးအေးသန်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၃၂။ | ဒေါ်သင်းသင်းမြတ် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၃၃။ | ဒေါ်သန္တာမိုး | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၃၄။ | ဒေါ်အေးအေးမူ | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |

| စဉ် အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|
| ၃၅။ ဒေါ်မေသင်းရီ | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၃၆။ ဦးချမ်းမြေ့ပိုင် | ဒုတိယဦးစီးမှူး (ကွန်ပျူတာ) | ဦးစီးအရာရှိ |
| ၃၇။ ဦးစိုးဝဏ္ဏ | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## အမျိုးသားလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

အမျိုးသားလွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ အမှတ် (၇) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀) မှ ဗိုလ်မှူးနိုင်နိုင်ဝင်းအား စီမံရေး၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးဌာနကြီးတွင် ဒုတိယညွှန်ကြားရေးမှူး (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၁၅၂/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် )

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့နယ်ခွဲ၊ ကာမိုင်းမြို့မရပ်ကွက်၊ ထွယ်ဆန်ယန်ရပ်၊ ကွင်းအမှတ်/အမည် (၁/ကာမိုင်းရွာ)၊ ဦးပိုင်အမှတ် (၄၅)၊ မြေဧရိယာ **(၁. ၂၀) ဧက**ရှိ မြေအား **ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်း (ကာမိုင်း)** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့် ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာ (၁၅၆/၂၀၁၃)

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ရွာရှည်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၇၆၃-က/ပလောင်ကွင်း)၊ ဦးပိုင်အမှတ် (၂၃) ရှိ မြေဧရိယာ (၀. ၉၁) ဧက၊ ဦးပိုင်အမှတ် (၁၀၁)

ရှိ မြေဧရိယာ (၀. ၅၆) ဧကနှင့် ဦးပိုင်အမှတ် (၁၀၂) ရှိ မြေဧရိယာ (၀. ၈၆) ဧက စုစုပေါင်းမြေဧရိယာ **(၂. ၃၃) ဧက**အား **ကုဏ္ဍလာရာမဝက်မင်းကျောင်းတိုက်** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက် မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

အမှတ် ၁၄၀/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၄) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | မြင့်ဦး | ကြည်း ၆၅၉၉၀ | (၂၆-၁၁-၂၀၁၃) |
| (၂) | တင်ဖေ | ကြည်း ၆၅၉၉၁ | (၂၆-၁၁-၂၀၁၃) |
| (၃) | အေးလွင် | ကြည်း ၆၅၉၉၂ | (၂၆-၁၁-၂၀၁၃) |
| (၄) | ကျော်သင်း | ကြည်း ၆၅၉၉၃ | (၂၆-၁၁-၂၀၁၃) |
| (၅) | မောင်နိုင်း | ကြည်း ၆၅၉၉၄ | (၂၇-၁၁-၂၀၁၃) |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် )

အမှတ် ၁၄၂/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၄) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| (၁) | ညွန့်ရွှေ | ကြည်း ၆၅၉၉၅ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် ( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ
**စစ်မှန်မြင့်မြတ်ချမ်းသာ ကုမ္ပဏီလီမိတက်**

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **စစ်မှန်မြင့်မြတ်ချမ်းသာ ကုမ္ပဏီလီမိတက် (REAL REGAL RICH COMPANY LIMITED.)** ကို (၃-၂-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) **ဦးရဲထွန်းဆွေ (B.Sc)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ မတ်လ (၇) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

LINN MYAT MAW
MANAGING DIRECTOR
REAL REGAL RICH CO., LTD.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွန်းဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**သုနေ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **သုနေ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (THU NAY TRADING COMPANY LIMITED.)** ကို (၃-၂-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) **ဦးရဲထွဋ်ဆွေ (B.Sc)** အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ မတ်လ (၇) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U TEZA TIN TUT
MANAGING DIRECTOR
THU NAY TRADING CO., LTD.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွဋ်ဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**Zenith Zone Trading Co., Ltd.**

(အစုရှင်များ ဆန္ဒအရဖျက်သိမ်းဆဲ)
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ
အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၇-၃-၂၀၁၄) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် [အမှတ် (၆)၊ မြေညီထပ်၊ လှည်းတန်း (၁) လမ်း၊ ၃-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်] ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

MYAT LWIN MOE
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**ရွှေရထိုက် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်**

**(SHWE YA HTAIK MINING COMPANY LIMITED)**

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှေရထိုက် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် (SHWE YA HTAIK MINING COMPANY LIMITED)** အား (၃-၂-၂၀၁၄) ရက်နေ့မှစ၍ အစုဝင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် **ဒေါ်စန်းကြည်** [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ မတ်လ (၇) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U MYINT NAING OO
Managing Director
SHWE YA HTAIK MINING CO., LTD.

ဒေါ်စန်းကြည်
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ဂျပန် ထရပ်နှင့်စက်ပစ္စည်းဝန်ဆောင်မှုကုမ္ပဏီလီမိတက်**

**JAPAN TRACK & MACHINERY SERVICES CO., LTD**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဂျပန် ထရပ်နှင့်စက်ပစ္စည်းဝန်ဆောင်မှုကုမ္ပဏီလီမိတက် (JAPAN TRUCK & MACHINERY SERVICES CO., LTD)** အား (၃-၂-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်တင်တင်ကျော် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ မတ်လ (၇) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်မြတ်
မန်နေးဂျင်းဒါရိုက်တာ
ဂျပန် ထရပ်နှင့်စက်ပစ္စည်းဝန်ဆောင်မှုကုမ္ပဏီလီမိတက်

ဒေါ်တင်တင်ကျော်
[B.Com (Q), C.P.A]
Daw Tin Tin Kyaw & Group Audit Firm
အမှတ် (၄၅၀)၊ ၄ လွှာ၊ ကမ်းနားလမ်းမ၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**မျိုးကျော်လင်း စက်မှုလက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်**
**MYO KYAW LIN INDUSTRY CO., LTD.**
**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မျိုးကျော်လင်း စက်မှုလက်မှုလုပ်ငန်းကုမ္ပဏီလီမိတက် (MYO KYAW LIN INDUSTRY CO., LTD.)** အား (၆-၂-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ မတ်လ (၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစံလင်း
Managing Director
Myo Kyaw Lin Industry Co., Ltd.

ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၇-၂-၂၀၁၄။